မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၁)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၃-၆-၂၀၂၄၊ တနင်္လာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(၈မူ၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်စိုးသမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ၉ရှိန် ၂၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြိုးဝင်းအတွင်းရှိ မြေကွက်လပ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ယာဝုံ)နှင့် ဇနီးတို့က ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ရတနာတန်းဝင်ကျွန်းပင်၊ ပိတောက်၊ ပျဉ်းကတိုးနှင့် အရိပ်ရလေကာပင် စုစုပေါင်းအပင် ၁၀၀၀ ကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဝန်ကြီးဌာနအောက်မှ ဌာန၊ အဖွဲ့အစည်းများတွင်လည်း တစ်ချိန်တည်းတစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပကြပြီး ရတနာတန်းဝင်အပင်၊ အရိပ်ရလေကာပင်နှင့် သီးပင်စားပင်မျိုးစုံ စုစုပေါင်း ၂၃၇၉၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂျော်ဂျီယာနှင့် ချက်တို့ တစ်ပတ်တစ်ဂိုးစီ သရေကျ၊ ပေါ်တူဂီတို့ တူရကီအား ဂိုးပြတ်အနိုင်ယူပြီး ၁၆ သင်းအဆင့် တက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(စ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့၊ ဗောက်ပတ်ခ် ဘောလုံးကွင်းတွင် ဂျော်ဂျီယာအသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် ဂျော်ဂျီယာအသင်းက ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ချက်အသင်းက ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ကစားခဲ့သည်။ အုပ်စုပွဲစဉ်အတွင်း နှစ်သင်းစလုံး နိုင်ပွဲရရှိထားမှု မရှိခြင်းကြောင့် ယခုပွဲစဉ်တွင် ရမှတ်ရရှိရေးအတွက် အကြိတ်အနယ် ကြိုးပမ်းလာခဲ့ကြသည်။

ပွဲစသည်နှင့် ဦးဆောင်ဂိုးရရှိရေးအတွက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။

စာမျက်နှာ ၉ သို့ ■

နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ၉ရှိန် ၂၂

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။
နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၄ ခုနှစ်၊ ဇွန် ၂၃ ရက် ၊ တနင်္ဂနွေနေ့ ။
မန္တလေးနေ့စဉ်

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ တည်တံ့ခိုင်မြဲစေရေးဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်နိုင်ငံ၏ လူနေမှုအဆင့်အတန်းဂုဏ်ကို အရိပ်ထင်ဟပ်စေသောအရာသည် ယဉ်ကျေးမှုလေ့ထုံးတမ်း အမြတေရတနာဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့ခြင်းကို "ဘေးဘိုးစဉ်ဆက်၊ မပြတ်သုံးစွဲ၊ ကျင့်မြဲလေ့ထ၊ စာရိတ္တဖြင့်"လက်ဆင့်ကမ်း ထိန်းသိမ်းလေ့လာသော မြန်မာလူမျိုးတို့၏ အဆင့်အတန်းမြင့်မားမှုတို့က ထင်ရှားလှသည်။

ထို့အပြင် ကမ္ဘာပေါ်တွင်လည်း လူမျိုးအသီးသီးရှိကြရာ နေထိုင်ရာ ပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝစရိုက်ဘာသာထုံးတမ်းစဉ်လာ ကိုးကွယ်ယုံကြည်မှုအရ လူမျိုးတစ်မျိုးနှင့်တစ်မျိုး အပြောအဆို နေထိုင်ပုံ ဝတ်စားဆင်ယင်ပုံ ဂီတအနုပညာမှအစ ကွဲပြားခြားနားသည်။ မည်သို့ပင် ကွဲပြားစေကာမူ ကမ္ဘာ့အလယ်တွင် မြန်မာတို့သည် နှစ်ပေါင်းထောင်ချီကာ ကိုယ်ပိုင်ယဉ်ကျေးသိမ်မွေ့မှု ရှိကြသည်ကိုမူ ငြင်းခုံရမည်မဟုတ်ပါ။

"မြန်မာအစ တကောင်းက"ဟူသည့် ဆိုရိုးစကားအတိုင်း မြန်မာတို့၏ စိတ်နေသဘောထား ကိုယ်အမူအရာ၊ နုတ်အမူအရာ၊ ယဉ်ကျေးသိမ်မွေ့မှုများသည် တကောင်းပြည်ကို စတင်တည်ထောင်ခဲ့သည့် ရှေးကတည်းက ယခုအချိန်အထိ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မြန်မာတို့သည် အလွန်တရာ ယဉ်ကျေးသိမ်မွေ့သော လေ့ထုံးတမ်းများကို ပိုင်ဆိုင်ထားကြသည်။ မြန်မာတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း ရိသေလေးမြတ်စွာ ကိုးကွယ်ကြသည်။ ဗုဒ္ဓဘုရားရှင်၏တရားအရိပ်၌ ယဉ်ကျေးသော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်ခဲ့သည်။

ကိုယ်ခံစွမ်းအား ချို့တဲ့သောအခါ ကူးစက်ရောဂါများ အလွယ်တကူ ဝင်ရောက်လာနိုင်သကဲ့သို့ ဝံသာနုရက္ခိတစိတ်ဓာတ်များ ချို့တဲ့လာပါက တိုင်းတစ်ပါး သရုပ်ပျက်ယဉ်ကျေးမှု ဖောက်ထွင်းလွှမ်းမိုးမှုကို ကြုံကြုံမခံနိုင်ဘဲ အမျိုးသား၊ ယဉ်ကျေးမှု မတ္ထိုင် ယိမ်းယိုင်လာတတ်သည်။ ထို့ကြောင့် မြန်မာ့ဓလေ့ မြန်မာ့အစဉ်အလာများသည်လည်း အကျည်းတန် အရှုပ်ဆိုးလာရသည်။ ယနေ့ လူငယ် လူရွယ်အချို့သည် ရုပ်ရှင်၊ စာအုပ်၊ ဂီတများ။ အွန်းလိုင်းဂိမ်းကစားခြင်းများမှတစ်ဆင့် ကိုယ့်နိုင်ငံနှင့် မအပ်စပ်သည့် တိုင်းတစ်ပါးယဉ်ကျေးမှုကို အမြတ်တနိုး လက်ခံကျင့်သုံးခြင်းဖြင့် အမျိုးသားအသွင်သဏ္ဌာန်များ ပျက်ယွင်းနေသည်ကို တွေ့လာရသည်။ ဟိရိသြတ္တပ္ပတရား ကင်းမဲ့ရာရောက်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ။ ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံမှုများက အနောက်တိုင်းယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကို ဖော်ပြနေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့နှင့် မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ တည်တံ့ခိုင်မြဲစေရေးအတွက် ပုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခြင်း။ အဆို၊ အက၊ အရေး၊ အဝိုင်းပြိုင်ပွဲများ ကျင်းပခြင်း။ ရှေးအစဉ်အလာ ယဉ်ကျေးမှုများ ပြန်လည်ဖော်ထုတ်ပေးခြင်း။ လူငယ်နှင့်သက်ဆိုင်သည့် အသိပညာပေးဟောပြောပွဲများကျင်းပခြင်း။ အားကစားပွဲတော်များ ကျင်းပခြင်းနှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကလ္လာကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့လှူဒါန်း

မန္တလေး ဇွန် ၂၂

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ရပ်ကွက်အတွင်းရှိ ချို့တဲ့အိမ်ထောင်စုများနှင့် အသက် ၈၀ နှစ်နှင့် အထက် အဘိုး၊ အဘွားများအား (၂၂)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများက ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၀၄၁)

ရေစီးရေလာကောင်းမွန်စေရေး ရေနတ်မြောင်းများ ဆယ်ယူရှင်းလင်း

မန္တလေး ဇွန် ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့်သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **(အောက်ယာပုံ)**

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အနှံ့ပတ်ရေပုံကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၁လမ်း ချမ်းမြေအောင်လမ်းတောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၆၀နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတောချောင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ၁၅လမ်းနှင့် ၁၇လမ်းကြား၌ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ကူဇောမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရတနာပုံစျေး ၃၃လမ်း တောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၇လမ်းနှင့် ၇၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့်၇၄လမ်းနှင့်၇၄လမ်းထောင့် အရှေ့ဘက် တောင်မြောက်ဖြတ် တံတား Manhole ပေါက်မှ အမှိုက်နှင့် ဒိုက်များကို ဆယ်ယူရှင်းလင်းခြင်းနှင့် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၇၆လမ်း အရှေ့ဘက် ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၃၀နှင့် ၃၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတောချောင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၆၈လမ်းနှင့် ၃၁လမ်း တံတားထိပ် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မြို့သစ်(၄)ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၆၁လမ်း အရှေ့ဘက် ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၁၀Aလမ်းနှင့် ၁၁၀C လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပန်းရံတော်ချောင်း အတွင်းမှ ဒိုက်နှင့် ခွံများကို Sunton စက်အသုံးပြု၍ တံတားဖြုန်၍ ၁၀၄လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် (၈)ရပ်ကွက်ရေစီးရေလာကောင်းမွန်စေရေးအတွက် ၅၆Bလမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၅လမ်းနှင့် ၁၃၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကြည်ဒြာဦးစေတီလမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပိတောက်လမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ မြန်မာ့ဈေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၃၉၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆ ၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း Global Earth Agro & Aqua Industry Public Company Limited က ဆောင်ရွက်နေသည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ကြည့်ရှုစစ်ဆေးစဉ် မန်နေဂျင်း ဒါရိုက်တာက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ ဖြစ်သဖြင့် အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော်ရန်၊ စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအနေဖြင့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဘိုင်လာတည်ဆောက်ခြင်း၊ အအေးခန်းစက်ရုံ တည်ဆောက်ခြင်း၊ မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းတို့နှင့်ပတ်သက်သည့် နည်းပညာများ လွှဲပြောင်းရရှိရေး ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးအတွက် စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး စပါးခွံလောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် စက်များ တပ်ဆင်နေမှု၊ ဘွိုင်လာတည်ဆောက်တပ်ဆင်နေမှု၊ အအေးခန်းစက်ရုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စက်မှုလုပ်ငန်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေတို့ကို ထုတ်ပြန်ပြဋ္ဌာန်းပြီး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေပါ အချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ကျင်းပ၍ ဒေသဆိုင်ရာ ကော်မတီ၊ စီမံခန့်ခွဲရေး ကော်မတီများဖွဲ့စည်းရန် စသည့်ဆုံးဖြတ်ချက်(၁၂)ချက်ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း။

ဥပဒေ၊ နည်းဥပဒေပါ အချက်အလက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ဥပဒေနှင့် နည်းဥပဒေတို့၏ အနှစ်သာရကို သိရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စက်မှုဇုန်များတည်ထောင်ခဲ့သည့် ရည်ရွယ်

ချက်များကို သိရှိအောင်ဆောင်ရွက်ရန်နှင့် အထူးစီးပွားရေးလုပ်ငန်းများနှင့် မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်ရမည်ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ စက်မှုဇုန်များ၊ MSME များနှင့် ပတ်သက်သည့် အချက်အလက်များကို အသေးစိတ်သိရှိအောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။ စက်မှုလုပ်ငန်းများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးမှု မရှိစေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ စက်မှုလုပ်ငန်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသအတွင်းရှိ နည်းပညာတက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်၊ သက်မွေးပညာသင်ကျောင်းများ နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄)၏ ဆွေးနွေးဆုံးဖြတ်ချက်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူးများက တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မြန်မာသံရုံးမှ သံရုံးစာရေး ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ခွင့်မဲ့ပျက်ကွက်

နေပြည်တော် ဇွန် ၂၂

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ သံရုံးစာရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် ဒေါ်ငွေးငွေးဝင်းသည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်မှစ၍ ပါရီမြို့ မြန်မာသံရုံးမှ ခွင့်မဲ့ပျက်ကွက်လျက်ရှိသည်။

ဒေါ်ငွေးငွေးဝင်းသည် ပြည်ပတာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်သည့်အတွက် မြန်မာနိုင်ငံတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူသည့် အမိန့်စာကို လက်ခံရရှိပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မိသားစုစာရင်းနှင့် ၎င်း၏သားဖြစ်သူအား ပြင်သစ်နိုင်ငံတွင် ပညာဆက်လက် သင်ကြားခွင့်ပြုရန် တင်ပြခြင်းတို့အား ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လ ၁၈ ရက်အထိ ပုံမှန်ရုံးတက်၍ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ယင်းနေ့တွင်ပင် ဒေါ်ငွေးငွေးဝင်းသည် ၎င်း၏သားဖြစ်သူ ဆက်လက်ပညာသင်ကြားမည့် တက္ကသိုလ်တွင် စုံစမ်းမှုများ ပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်၌ ခွင့်(၁)ရက် ခံစားလိုကြောင်း နှင့် ၎င်းတို့ မိသားစု၏ နိုင်ငံကူးလက်မှတ်များ ခေတ္တထုတ်ယူခွင့်ပြုရန် တင်ပြခဲ့သဖြင့် သံအမတ်ကြီးက ခွင့်ပြုပေးခဲ့သည်။

ဒေါ်ငွေးငွေးဝင်းသည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက် ၁၀ နာရီအထိ သံရုံးသို့ ပြန်လည်သတင်းပို့မှု မရှိခြင်းကြောင့် သံရုံးတာဝန်ရှိသူများက စိစစ်ခဲ့ရာ ၎င်း၏ နေအိမ်၌ မည်သည့်ကိုယ်ပိုင်ပစ္စည်းမျှ မရှိတော့ဘဲ အပြီးအပိုင်ထွက်ခွာသွားသည့် အခြေအနေအား တွေ့ရှိခဲ့သည်။

ဒေါ်ငွေးငွေးဝင်းသည် ပါရီမြို့ရှိ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း လုပ်ငန်းတာဝန်များကို တက်ကြွစွာဖြင့် ကျေပွန်အောင် ထမ်းဆောင်ခဲ့ပြီး ၎င်းသည် ပြည်ပတာဝန်ထမ်းဆောင်မှုကာလပြည့်မြောက်၍ မြန်မာနိုင်ငံတွင် ပြန်လည်တာဝန်ထမ်းဆောင်ရမည့် ဝန်ထမ်းများအနက်မှ

တစ်ဦးဖြစ်သည်။

သို့ရာတွင် ၎င်းသည် သားဖြစ်သူ ပြင်သစ်နိုင်ငံတွင် ဆက်လက်ပညာသင်ကြားနိုင်ရေးနှင့် သမီးဖြစ်သူ ဆေးကုသမှုခံယူနိုင်ရေးစသည့် ၎င်း၏ကိုယ်ရေးကိုယ်တာ လူမှုရေးအခက်အခဲများကြောင့် မြန်မာနိုင်ငံသို့ မပြန်လိုသဖြင့် နိုင်ငံရေးအကာအကွယ်ရယူကာ ခင်ပွန်း၊ သား၊ သမီးနှင့်အတူ ခွင့်မဲ့ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ လုပ်ဆောင်မှုကို ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက် အဖွဲ့အစည်းများက နိုင်ငံရေးအရအသုံးချကာ ဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံပွဲ (၂၀၂၄) သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့တက်ရောက်မည်

နေပြည်တော် ဇွန် ၂၂

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ (Fukuoka) အခြေစိုက် အာရုပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian-Pacific Children's Convention – APCC) က ဦးစီး၍ နှစ်စဉ် ဇူလိုင်လတွင် ကျင်းပသည့် နွေရာသီအပြည်ပြည်ဆိုင်ရာလူငယ်များ တွေ့ဆုံစခန်းချပွဲ (BRIDGE Summer Camp – 2024) သို့ Junior Ambassador အဖြစ် မြန်မာနိုင်ငံက ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရွှေချယ်ဖွဲ့စည်း

ယင်းသို့တက်ရောက်ရန်အတွက် မြန်မာ-ဂျပန် အသင်း (MJA) က ဦးစီး၍ အထက (၁) ဒဂုံ၊ ရန်ကုန်မှ ဆဋ္ဌမတန်းကျောင်းသား မောင်လင်းထက်ပိုင်(၁၂ နှစ်)၊ ကမာရွတ်လေ့ကျင့်ရေးကျောင်း TTC ၊ ရန်ကုန်မှ ပဥမတန်းကျောင်းသား မောင်ဘုန်းဇေဟိန်း (၁၂ နှစ်)၊ အထက (၁) ဒဂုံ ရန်ကုန်မှ ပဥမတန်းကျောင်းသူ

မသွန်းသက်ထားအောင် (၁၁ နှစ်)နှင့် အထက (၂)၊ မင်္ဂလာဒုံ၊ ရန်ကုန် (အောင်ဆန်းသူရိယလှသောင်းကျောင်း)မှ ပဥမတန်းကျောင်းသူ မရှင်းသန်ဖြူ (၁၁နှစ်) တို့ကို ရွေးချယ်ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းသားကျောင်းသူ လေးဦးအား Junior Ambassador အဖြစ် ရွေးချယ်အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက နေပြည်တော် သင်္ဃဟဟိုတယ်၌ ကျင်းပရာ မြန်မာ-ဂျပန်အသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌက အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်၍ ခရီးစဉ်အတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

မြန်မာနိုင်ငံမှ Junior Ambassador လေးဦးအား မြန်မာ-ဂျပန်အသင်း၏ အတွင်းရေးမှူးဖြစ်သူက အုပ်ချုပ်သူအဖြစ်လိုက်ပါ၍ ဇူလိုင်လ ပထမပတ်တွင် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့သို့ သွားရောက်မည်ဖြစ်ပြီး ၁၀ ရက်ကြာ စခန်းချကာလအတွင်း အခြားအာရှ-ပစိဖိတ်ဒေသ ၄၈ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့် အတူ စခန်းဝင်တွေ့ဆုံခြင်း၊ အသက်ရွယ်တူ ဂျပန်ကျောင်းသား ကျောင်းသူများ၏ ကျောင်းများသို့ အတူသွားရောက်လေ့လာခြင်းနှင့် ဂျပန်ကျောင်းသား ကျောင်းသူများ၏နေအိမ်တွင် Home Stay နေထိုင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မဟာမုနိဘုရားကြီး (၉၆)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အားပေး

မန္တလေး ၆၆ ၂၂

မဟာမုနိဘုရားကြီး (၉၆) ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘုရားကြီးအနောက်ဘက် ၄၅ တာရှိ ဝါဆိုခြင်းလုံးအားကစားရုံတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခြင်းပညာရှင်များ၊ အပျော်တမ်းခြင်းအသင်းများမှ ခြင်းအားကစားသမားများ၊ ခြင်းဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မဟာမုနိဘုရားကြီး (၉၆)ကြိမ်မြောက် ဝါဆိုခြင်းအလှခတ်ပွဲတော်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝါရင့်ခြင်းဝါသနာရှင်ကြီးများ၏ သရုပ်ဖော်အလှခတ်ပြသမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှခတ်ပွဲတော်ကို ခြင်းဝါသနာရှင်များ စုပေါင်း၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေ အနှစ်အဖြစ် အစဉ်တစိုက် ထိန်းသိမ်းကျင်းပလာခဲ့ရာ (၉၆)ကြိမ် မြောက် ရှိပြီဖြစ်ကြောင်း၊ မဟာမုနိဘုရားကြီးအား ဝါဆိုရွေသင်္ကန်း၊ ပန်း၊ ဆီမီးကပ်လှူသော ပွဲတော်ကြီးတွင် အပျော်တမ်းခြင်းအသင်းပေါင်း ၆၀၀ ဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်အထိ ရက်ပေါင်း ၃၀ ရက်တိုင်တိုင် နေ့စဉ်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ခြင်းဝါသနာရှင်များ စုပေါင်းကျင်းပသော (၃၄)ကြိမ်မြောက် သင်္ကြန်ပူဇော်ပွဲကိုလည်း ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

မိတ္ထီလာ ၆၆ ၂၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိသားစုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇင်ငိုင်း၊ မိသားစုစည်းရုံးရေးကော်မတီ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သူ တစ်ဦးအား ငွေကျပ် ၈၀၀၀၀၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးအား ငွေကျပ် ၆၀၀၀၀၊ ရိုးရိုးအောင်မြင်ခဲ့သူ တစ်ဦးအား ငွေကျပ် ၁၀၀၀၀ တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးများအဖြစ် တက္ကသိုလ်အဆင့် ၁၉ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ အထက်တန်းအဆင့် ကိုးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ အလယ်တန်းအဆင့် ၁၁ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ဗလာစာအုပ်တစ်ဒါဇင်၊ မူလတန်းအဆင့် ၃၄ ဦးအား တစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှင့် ဗလာစာအုပ်တစ်ဒါဇင်တို့ကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၄၅၃)**

သာစည်မြို့နယ် သစ်တောဦးစီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သာစည် ၆၆ ၂၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် သစ်တောဦးစီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက သာစည်မြို့လေဘာတီဂေါက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက မြို့နယ် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းအားလည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ဥက္ကဋ္ဌကြားရေးမှူး ဦးရဲလွင်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် တစ်ဦးအားလည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်တစ်ဦးအားလည်းကောင်း ပျိုးပင်များ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးမှူးတို့က မိုးရာသီသစ်ပင်များ စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လေဘာတီဂေါက်ကလပ်အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက တမာပင် ၅၀၀၊ ယူကလစ်ပင် ၂၀၀၊ မယ်ဇလီပင် ၂၀၀၊ ဗာဒံပင် ၅၀ နှင့် မယ်ဇယ်ပင် ၅၀ စုစုပေါင်း အပင် ၁၀၀၀ ကို တပျော်တပါး စိုက်ပျိုးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့သည်။ **(၄၈၇)**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မန္တလေး ဇွန် ၂၂

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာဖြင့် ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ရှိ မေမြို့ ထင်းကြိုးဝိုင်း၊ အကွက် အမှတ်(၁၄)၊ ပြင်ဦးလွင်မြို့ရောင်လမ်း မိုင်တိုင်အမှတ် (၈/၆)အနီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်း၊ တပ်ပွဲများနှင့် လူမှုရေးအသင်းအဖွဲ့မှ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြပြီး နောက် ချယ်ရီပင်များအား စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် သစ်ပင်စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်စိုက်ခင်း တည်ထောင်ခြင်း၊ အာဆီယံလမ်း၊ အမြန်လမ်းနှင့် ရထားလမ်းဘေးဝဲ၊ ယာစိုက်ပျိုးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ဂေဟစနစ် ဖြည့်တင်းရေးစိုက်ခင်းစိုက်ပျိုးခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းတစ်ရွာ(၂)ဧကစိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်း စိုက်ပျိုးခြင်း၊ လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း စသည့်နည်းလမ်း မျိုးစုံနှင့် ပျိုးပင်ပေါင်း(၂၉၀၅၉၇၀)ပင် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ပျိုးပင်ပေါင်း (၁၅၁၂၆၅၀)ပင်၊ (၅၅ ဒသမ ၅၁)ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေးအတွက် (၅)နှစ် စီမံကိန်းရေးဆွဲပြီး ၂၀၂၂ ခုနှစ် မိုးရာသီမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးရာသီတွင် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ချယ်ရီပင် (၃၀၀၀၀) စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင် စုစုပေါင်း (၉၁၄)ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

❍ စာမျက်နှာ ၂၄ မှ

"အင်းဝကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ ဆောင်ရွက်ရာမှာ ယူနက်စကိုက သတ်မှတ်ထားတဲ့ Guide Line တွေပြည့်စုံအောင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ဆောင်ရွက်နေပါတယ်။ အင်းဝမှာ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများရှိတဲ့ ဒေသနဲ့ ကာကွယ်တဲ့ ကြားခံဒေသ(Buffer Zone)မှာ ရှေးဟောင်းဘုရား၊ စေတီ၊ အဆောက်အအုံတွေ ဘယ်လောက်ရှိသလဲနဲ့ အဲဒါတွေရဲ့ နောက်ခံသမိုင်းကြောင်းတွေ ပြုစုနေပါတယ်" ဟု ၄င်းက ပြောသည်။

အဆိုပါ အင်းဝမြို့ဟောင်း၏ ရှေးဟောင်းနယ်မြေဇရိယာမှာ ၇ စတုရန်းမိုင် ကျယ်ဝန်း၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိရာဒေသ(Property Area)နှင့် ကြားခံဒေသ (Buffer Area) အတွင်းမှ ရှေးဟောင်းစေတီပုထိုးနှင့် အဆောက်အအုံပေါင်း ၉၆၁ ခုရှိပြီး ရှေးဟောင်းအဆောက်အအုံများထဲမှ Inventory စာရင်း ၃၀၀ ကျော်ပြီးဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်းက ထိုင်းအဖွဲ့တွေ ရောက်လာပြီး ရှေးဟောင်းသစ်သားအဆောက်အအုံတွေကို လေ့လာကြတယ်။ အချက်အလက်ကောက်ယူတာတွေရှိတယ်။ Guide Line ထဲမှာ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှု ဘာတွေရှိလဲဆိုတာပါတော့ ထိုင်း၊ တရုတ်၊ အီတလီ စတဲ့ ပြည်ပနိုင်ငံများက လာရောက် သုတေသနလုပ်တာတွေကို ထည့်သွင်းတင်ပြရမှာပါ။ ကျွန်တော်တို့အတွက် အထောက်အကူရတယ်" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဓာတ်ပုံများပါသော လမ်းညွှန်မြေပုံများ စိုက်ထူခြင်း၊ ဘုရားတစ်ဆူစီနှင့် ရှေးဟောင်းအဆောက်အအုံများ၏ သမိုင်းကြောင်းကောက်ယူမှတ်တမ်းပြုစုခြင်း၊ မြေပုံရေးဆွဲခြင်း စသည့်ယူနက်စကိုမှ သတ်မှတ်သည်များ ပြည့်စုံရန်ဆောင်ရွက်နေကြောင်း၊ နောက်ပိုင်းတွင် Tourism Network Road နှင့် Tourism Infract Structure များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။**(မန္တလေးနေ့စဉ်-၉)**

ဘဝဆည်းဆာမှ စာကြည့်တိုက် ယဉ်ကျေးမှု

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတခရ ပုလဲအောက်ဆီဂျင် အလှူတော်ဒွဒသအားလုံး၏ ဦးစီးနာယကဘဒ္ဒန္တ ပညာဝံသ(ပုလဲဆရာတော်) တည်ထောင်လျက် ရှိသော ဘဝဆည်းဆာ ဓမ္မရိပ်သာသည် ကျောက်တန်းကျေးရွာ၊ ဒေါင့်ကြီးကွေးအုပ်စု၊ ဧော်ဂျီမြစ်အရှေ့ဘက်၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှာ တည်ရှိပါသည်။ ဘဝဆည်းဆာ ဓမ္မရိပ်သာ (ရုပ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး လေ့ကျင့်ရေးစင်တာ) Physical & Metal Health Training Center သည် အရှေ့ရှမ်းရိုးမတောင်ခြေနှင့်မနီးမဝေး အေးချမ်းသာယာသော နယ်မြေဖြစ်ပါသည်။

တစ်နေ့တာ၏ အစသည် နေထွက်ခြင်းဖြစ်ပြီး တစ်နေ့တာ၏ အဆုံးမှာ နေဝင်ခြင်းဖြစ်လေ၏။ နေမထွက်မီ ရှေ့ပြေးနိမိတ်အရောင်ဆည်းဆာ (အရောင်ဦး)လင်းတက်လာခဲ့သည်။ ထိုနည်းတူ နေဝင်ရန်အတွက်လည်း ညနေဆည်းဆာဟူ၍ ဖြစ်လာပြန်ပေသည်။ ဤကား သက်မဲ့တို့၏ သဘာဝဖြစ်၏။ သက်ရှိလောကဌ်လည်း ဤနည်းနှစ်နည်းရှိချေသည်။ မွေးဖွားခြင်းဟူသည် ဘဝအစဖြစ်ပြီး သေဆုံးခြင်းသည် ဘဝ၏အဆုံးသတ်ဖြစ်၏။ ဘဝနေထွက်ရန် အရောင်ဆည်းဆာပေါ်လာခြင်း ဖြစ်သကဲ့သို့ လူသားတို့၏ ဒုတိယအရွယ်(အသက် ၄၅/၅၅နှစ်)များ၏ ဘဝဒုက္ခ၊ ခန္ဓာဒုက္ခဟူသမျှသည် ဘဝနေဝင်ရန် ဘဝဆည်းဆာအချိန်များကို စတင်ရှေးရှုနေကြခြင်း ဖော်ပြနေခြင်း ဖြစ်ပေတော့သည်။

ဆည်းဆာဟူသည် အရောင်ဆည်းဆာဖြစ်စေ၊ နေဝင်ဆည်းဆာဖြစ်စေ ပျိုမြစ်သောအလှနှင့် ရင့်ကျက်မှု အလှတရားကို အမှောင်အလင်း အနုအရင့် စုတ်ချက်ဝင့်လျက် ရေးခြယ်ထားသည့် ပန်းချီကားကဲ့သို့ နှစ်သက်စုံမက်ဖွယ်အတိ ပြည့်စုံကဲ့လုံသည့် အလှတစ်မျိုးဖြစ်တော့သည်။

စာချစ်သူ စာဖတ်သူများသည် ရွှေရတုနယ်ပယ် အသက်အရွယ် ၅၀နယ်ထဲ ရောက်နေပြီဖြစ်ပါလျှင် မိမိကိုယ်မိမိ 'ဘဝဆည်းဆာ'အရွယ် ရောက်လေပြီဟု အသိရှိဖို့လိုပါသည်။ ဆည်းဆာသည် အလှစုံဖြာ ရွှေင်းသာသလို မျက်မှောက် (ပစ္စုပ္ပန်)ဘဝ၊ မျက်ကွယ်(အနာဂတ်)ဘဝများအတွက် မိမိ၏ဘဝ အလှစုံ၊ မစုံ အေးချမ်းသာယာရှိ၊ မရှိ ပြန်လည်စဉ်းစားသတိထားကြရမေတော့မည်။ သဘြရ၊ တွေ့ကြုံကြရပါတော့မည်။

ဘဝဆည်းဆာအလှသည် ဘဝနေချိန်ကို ကိုယ်စိတ်နှစ်ပါး ကျန်းမာစွာဖြင့် ကုသိုလ်တရားနှင့် စိတ်နှလုံးချမ်းမြေ့စွာ နေနိုင်ခြင်းဟု ခံစားနားလည်မိသည့်အတွက် 'ဘဝဆည်းဆာ'အရွယ်များ ကုသိုလ်ဖြင့် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ ရှင်သန်စေဖို့ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ပြီး 'ဘဝဆည်းဆာ ဓမ္မရိပ်သာ'စတင် အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်သည်ဟု ပုလဲဆရာတော်က မြွက်ကြားပါသည်။

၂၀၂၄ခုနှစ်၊ ဇွန် ၂ရက်တွင် ဘဝဆည်းဆာဓမ္မရိပ်သာတွင် 'ရွှေစင်အကယ်ဒမီ ကိုဖိုးသံ၏ ရသဘဏ်စာကြည့်တိုက်'ဖွင့်ပွဲကို ကျင်းပပြုလုပ်ကြပါသည်။ မန္တလေးမြို့ နန်းတော်ရှေ့ စာပေတင်းကုပ်ပိုင်းတော်သားများ မန္တလေး၊ ပုသိမ်ကြီး၊ အမရပူရ၊ အင်းဝမြို့နယ်များမှ စာရေးဆရာများသည် ကိုယ်ပိုင်ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်ပွဲသို့ တက်ရောက်ကြ ပြီးလျှင် စာအုပ်စာပေများ၊ ဝတ္ထုဇွေများ လူဘါနီးပါဝင်ကုသိုလ်ဒါနပြုခဲ့ကြသည်။

ပုသိမ်ကြီးမြို့ 'မြို့မစာကြည့်တိုက်'ဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့သည် 'ကိုဖိုးသံ ရသဘဏ် စာကြည့်တိုက်'သို့ သားရေဖုံးဖြင့် ထည်ဝါခန့်ညားလှသည့် 'မဟာဗုဒ္ဓဝင်ကျမ်း'စာအုပ်ထူကြီး (၈)အုပ် ပေးလှူကြပါသည်။ ဤစာရေးသူက ပုသိမ်ကြီး မဂ္ဂဇင်း တစ်အုပ်တည်းသာ ပေးလှူခဲ့ရပါသည်။ လူဖွယ်ပစ္စည်းဟူသည်ကား နည်းသည်များသည်လိုရင်းပဓာနမဟုတ်၊ စေတနာသည်သာ အဓိကပဓာနဖြစ်ပေ၏ဟု လေ့လာသိရှိထားပါသည်။

'တစ်ယောက်ကွမ်းဆေး၊ ရေအေးတစ်ခွက်၊ ဆီတစ်စက်နှင့် လက်ဖက်တစ်ရိုး၊ ကြဲတစ်ချိုးမျှ မြတ်နိုးကြည်ဖြူ ဒါနဟူသည် အလှကောင်းမှု ရရာပြုလော့' ကုသိုလ်အမျိုး နောင်အကျိုးဟု အားကြိုးအပ်စွာ မပျင်းရာဘူး၊ ခမ်ဖယလဒ္ဓ၊ ပစ္စယဖြင့် အနှပါန၊ စသည့်ရွှေစာ၊ ရဲခဲရာသား၊ ချိန်ခါကာလ၊ ရပ်ဒေသ၌၊ အဂ္ဂပရမတ်၊ ပုဂ္ဂိုလ်မြတ်အား စွန့်လွှတ်သဒ္ဓါ လူရပါသော် ဝမ်းသာသောမနသ်၊ ဖြတ်တုံလတ်၍၊ ဥက္ကဋ္ဌဖလ၊ ကျိုးထူးရ၏'ဟု မန်လည်ဆရာတော်ကြီးမှ မဃဒေဝလင်္ကာပိဒ်ရေ ၅၀၅ မှာဟောမြွက်ကြားရေးသားထားခဲ့ပါသည်။

စာကြည့်တိုက်ဆိုသည်မှာ စုဆောင်းထားရှိသော စာအုပ်များနှင့်အခြားစာပေပစ္စည်းများကို စာချစ်သူ၊ စာဖတ်သူ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စနစ်တကျ စီစဉ်ထားရှိသောနေရာဖြစ်သည်။ ထိုစာအုပ်စာပေများက လူမှုအဖွဲ့အစည်း အမျိုးမျိုးသို့ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးလေသည်။ အကျိုးပြုပေသည်။

စာကြည့်တိုက်တစ်ခု ထူထောင်နိုင်ရန် စံငါးရပ်နှင့်ပြည့်စုံအောင် ဦးစွာစီစဉ် ဆောင်ရွက်ကြရသည်။ စံငါးရပ်မှာ -

(၁) ရန်ပုံငွေ (Budjet)

(၂) အဆောက်အအုံ (Building)

(၃) စာအုပ်စာစောင်များ (Book)

(၄) စာကြည့်တိုက်မှူး (Brain)

(၅) စာဖတ်သူ၊ စာငှားသူ (Borrower)

ဖြစ်ပါသည်။ အလွယ်တကူ ဘီငါးလုံး(B5)ဟု မှတ်သားကြပေသည်။ ဘဝဆည်းဆာမှ ရွှေစင်အကယ်ဒမီကိုဖိုးသံ၏ ရသဘဏ်စာကြည့်တိုက်သည် ခမ်းနားပါပေသည်။ ရန်ပုံငွေတောင့်တင်းခြင်းကို စာကြည့်တိုက်အမည်နှင့်မှန်းဆ၍ ယူကြပါ။ ဤစာရေးသူမှာ မျက်မြင်ကိုယ်တွေ့ မြင်ရသိရသည်။ ခန့်ညားကျယ်ဝန်းသပ်ရပ် နိုင်ခန့်လှပလေဝင်လေထွက်၊အလင်းရောင် ရရှိသည့် အုတ်တိုက်အဆောက်အအုံ ဖြစ်ပါသည်။ စာအုပ်စင်များသည် မှန်ဘီရိုကြီးများနှင့် အကန့်အသတ်ရှိပါသည်။ သုတ၊ ရသ၊ သမိုင်း၊ မဂ္ဂဇင်း စာအုပ်မျိုးစုံသည် စီကာရီကာရှိချေသည်။ 'ကြိုက်ရာရွေးယူ ဖတ်တော်မူလော့' ဟု စာအုပ်စင်များ ထိပ်မှာ ရှိနေသေး၏။ စီစဉ်ထားရှိသူ စာကြည့်တိုက်မှူးများမှာ စာရေးဆရာ မောင်ရဲနွေ(ပလိပ်)နှင့် ဟိန်းသန့်(အင်းဝ)ဖြစ်သည်ဟု လေ့လာသိခဲ့ရပါ၏။ စာအုပ်ငှားသူများမှာ ဓမ္မပရိသတ်ဝေနေယျများဖြစ်လာပေလိမ့်မည်။ ကိုဖိုးသံ၏ ရသဘဏ် စာကြည့်တိုက်ဖွင့်လှစ်ပွဲ၏ စည်ကားသိုက်မြိုက်မှု၊ ဧည့်ခံကျွေးမွေးမှု၊ မိုးဒေဝါဟု အေးမြစွာ မန္တလေးမှ ဆရာတော်ကျောင်းရောက်သည်အထိ ရွာသွန်းမှုတို့ကား စာဖွဲ့၍ မကုန်နိုင်ပါချေ။

စာကြည့်တိုက်ယဉ်ကျေးမှုအစမှာ ပုဂံခေတ် ပထမမြန်မာနိုင်ငံတော် အနော်ရထာဘုရင်လက်ထက်မှ 'ပိဋကတ်တိုက်'ဟု စတင်ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ မြန်မာ့သမိုင်း၏ ခေတ်အဆက်ဆက်တွင် မြန်မာစာပေခရီးနှင့်အတူ အခွန့်ရှည်ကြာခဲ့သည်။ စာပေခရီးသည်ကား ရှည်လျားထွေပြားလှချေသည်။ စာဖတ်ခြင်းသည် စိတ်အစာ၊ စိတ်အာဟာရဖြစ်သည်။ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာရေးကိုလည်း တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်ပါသည်။

စာဖတ်ခြင်းဖြင့် စိတ်တည်ငြိမ်ခြင်း၊ စိတ်ကြည်လင်ခြင်း၊ စိတ်ပျော်ရွှင်ခြင်းတို့ ဖြစ်စေနိုင်သည်။ စာဖတ်ခြင်းမှာ တရားအားထုတ်ခြင်းကဲ့သို့ပင် (Concentration)သမာဓိ ဖြစ်စေရစေနိုင်သည်ဟု လေ့လာသိရှိနိုင်ပါသည်။

မျက်မှောက်ကာလတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ နေပြည်တော်ကောင်စီနယ်မြေမှအစ တိုင်းဒေသကြီးများအားလုံး စာကြည့်တိုက်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရသည် ဦးဆောင်၍ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို ၂၀၂၄ခုနှစ်၊ ဧပြီ ၂၂ရက်မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

လူတော်လူကောင်းဖြစ်ဖို့ စာဖတ်ရပါမည်။ ကိုယ်ချင်းစာစိတ်ရှိဖို့ စာဖတ်ရပါမည်။ လောကခံကို ခံနိုင်ရည်ရှိဖို့ စာဖတ်ရပါမည်။ ဘဝတိုက်ပွဲဆင်နွှဲဖို့ စာဖတ်ရမည်။ လူညံ့ လူအ မဖြစ်ဖို့ စာဖတ်ရပါမည်။ သို့သော် စာအုပ်များမှ ရွေးချယ်ဖတ်ရန်တော့ လိုပါမည်။ အနောက်တိုင်းပညာရှင်ဖြစ်သူ ဘေကွန်က

- အချို့ စာအုပ်များသည် မြည်းကြည့်ရုံသာ ကောင်း၏။
- အချို့ကား မျိုချရန် ကောင်း၏။
- အချို့ကို စိတ်ပါဝင်စားစွာဖြင့် တစ်အုပ်လုံး ကြေညာစွာ ဖတ်ရှုသင့်၏ဟု မိန့်ဆိုခဲ့သည်။

ပညာတတ်ရန် စာဖတ်ရမည်။

'ပညာနရာနံ ရတနာနံ'ပညာသည် လူတို့၏ ရတနာဖြစ်သည်ဟု ဗုဒ္ဓဘုရားမြွက်ကြားပါသည်။ ရတနာဟူသည် မြတ်နိုးရသောကြောင့် တန်ဖိုးကြီးများသည်။ ထို့ကြောင့် ပညာမှာ တန်ခိုးကို ဖြစ်စေသည်။ ပညာရဲရင့် ပွဲလယ်တင့် ကြရသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းကြရာ၌ ပညာရှိ နိုင်ငံသားကောင်းများသည် အထူးလိုအပ်လှပေသည်။ လူကြီးလူငယ် လူရွယ်အားလုံး လက်တွဲညီညီ အချိန်ကာလအလိုက် လှုပ်ရှားဆောင်ရွက်ကြရသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံသားကောင်းများသည် ပညာတတ်ရန် လိုကြသည်။ အသိပညာ၊ အတတ်ပညာ ရှာဖွေရမည်။ ပညာသည်သာ ဘဝ၏ ပဲ့ကိုင်ဆရာအဖြစ် အဓိကကြောင်းကို လေ့လာသိရှိနိုင်ရမည်။ ထို့ကြောင့် စာဖတ်နိုင်ရန် ပညာဘဏ်တိုက် စာကြည့်တိုက်များ တိုးတက်ဖွံ့ဖြိုးရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။ ကိုဖိုးသံ၏ ရသဘဏ်ကဲ့သို့စာကြည့်တိုက်များစွာ ဖြစ်လာပါစေ။

စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်၍ လူကြီးလူရွယ် လူငယ်ကျောင်းသား မိဘစသည့် ပြည်သူပြည်သားအားလုံး စာဖတ်ခြင်းဖြင့် သက်ရှည်ကျန်းမာဆေးတစ်ခွက်ပမာ စိတ်ကို ပြုံးရွှင်ရယ်မောစေရန် နေ့စဉ်ပင် စာဖတ်လျှင်ကောင်းလေစွ။

'ဘဝဆည်းဆာ'မှအပြန်ခရီးတွင် 'မကွရာ ရွေးဟောင်းအမွေအနှစ် ပူဘုရား'ကြီးများကို ဖူးမြော်ရန် စီစဉ်သူက လိုက်ပို့ပေးသည်။ အဆောက်အအုံများ ကြီးမားခန့်ထည် သပ်ရပ်စွာ တွေ့ရှိခဲ့ရပါသည်။ ကျောက်ဆည်၊ စဉ့်ကိုင်၊ ဧည့်ပြဲမက္ခရာ၊ အင်းဝစသည့် လယ်တွင်းကိုးခရိုင်သည် ပုဂံမှ ရွေးဟောင်းအမွေအနှစ်များကဲ့သို့ ပုဂံလယ်တွင်း၊ လယ်တွင်းပုဂံအပြန်အလှန် ယှဉ်တွဲဆက်သွယ်မှုများကို လက်တွေ့မျက်တွေ့သိရသောကြောင့် ဤခရီးကား တန်ဖိုးကြီးမားလှပါဘိသည် တကား။

နွေးထွေး(ပုသိမ်ကြီး)

နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Michael ရုပ်ရှင်တွင် Michael Jackson ၏ Thriller သီချင်းဖန်တီးမှုကို ပြသမည်

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်အကြောင်း အတ္ထုပ္ပတ္တိ ရုပ်ရှင် Michaelတွင် သူ၏အထင်ကရ သီချင်းများအနက် Thrillerကို ဖန်တီးခဲ့ပုံကို ပြသမည်ဟု အတည်ပြုပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာ အန်တိုနီဖူကျူအာ ရိုက်ကူးဖန်တီးထားပြီး မိုက်ကယ်ဂျက်ဆင်၏တူ ဂျက်ဖာဂျက်ဆင်၊ ကိုလ်မန်ဒိုမင်ဂို၊ နီအာလွန်း၊ မိုင်းတေလာ၊ ဂျွန်ဘရွန်ကာနှင့် ဂျာလီအာနိုကာရူဗယ်ဒီတို့ အထူးပါဝင်ထားကြသည်။

အဆိုပါရုပ်ရှင်တွင် ပေါ့ပ်တုရင် မိုက်ကယ်ဂျက်ဆင် ဖြတ်သန်းခဲ့ရသည့်ဘဝ၊ ရင်ဆိုင်ခဲ့ရသည့် လိင်ပိုင်းဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များကို ထည့်သွင်းထားပြီး သူ၏အထင်ကရသီချင်းများ ပါဝင်သည်။

မိုက်ကယ်ဂျက်ဆင်၏ Thriller ဖန်တီးမှု မြူးဇစ်ဗီဒီယို ဖြစ်ပေါ်လာပုံကို ဂျက်ဖာဂျက်ဆင်နှင့် အိုလာရေးတို့က တင်ဆက်မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီ ၈ ရက်တွင် ပြသမည်ဖြစ်သည်။

(SKY)

Mahash Babu ၏သား အမေရိကန်တွင် ၁၂ တန်းအောင်၍ ဂုဏ်ပြုထားကြ

ဘောလိဝုဒ်အနုပညာရှင်များဖြစ်ကြသည့် မဟေရ်ဂုဘာဘူနှင့် ဟာရိသိက်ရိုရှန်းတို့၏သားများ အမေရိကန်တွင် ပညာသင်ကြားခဲ့ကြပြီး ၁၂ တန်းအောင် ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုခံခဲ့ကြရသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

နာမည်ကြီး တောင်ပိုင်းအနုပညာရှင် မဟေရ်ဂုဘာဘူ၏သားကြီး ဂေါတမ်မှာ အမေရိကန်နိုင်ငံတွင် ပညာသင်ကြားခဲ့ပြီး အထက်တန်းအောင်မြင်ပြီးဆုံးသည့် အခမ်းအနားသို့ တစ်မိသားစုလုံး တက်ရောက်ဂုဏ်ပြုခဲ့ကြသည်။

ဟာရိသိက်ရိုရှန်းနှင့် ဇနီးဟောင်းဆူဆန်တို့လည်း သားကြီး ဟာရိဟန်၏ အမေရိကန်နိုင်ငံမှ ၁၂ တန်းအထက်တန်းအောင်မြင်ပြီးဆုံးသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုပေးခဲ့ကြသည်။

၂၀၁၄ ခုနှစ်တွင် ဆူဆန်နှင့် ကွာရှင်းထားသော်လည်း သားနှင့်အတူ မိသားစုရုပ်ရှင်ကြည့်၊ နေ့လယ်စာစား ခရီးထွက်ခြင်းများကို ဟာရိသိက်ရိုရှန်းက ပြုလုပ်ပေးခဲ့သည်ဟု သိရသည်။

(SKY)

Jung Hae In က Veteran 2 သရုပ်ဆောင်ခံစားမှုကို ကိန်းရုပ်ရှင်ပွဲတွင် ပြောပြထား

တောင်ကိုရီးယားမင်းသား ကျောင်ဟောအင်း ပါဝင်ထားသည့် Veteran 2 မှာ Cannes Film Festivalတွင် ဆုရရှိခဲ့ပြီး ယင်းဇာတ်ကား သရုပ်ဆောင်ခံစားမှုကို အင်တာဗျူးတွင် ပြောပြထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျောင်ဟောအင်းက အဆိုပါ အင်တာဗျူးတွင် ဇာတ်ဝင်ခန်းများကို ဇာတ်ကားတည်းဖြတ်စဉ်က ကြည့်ထားသော်လည်း Grand Luniere ဇာတ်ရုံတွင် အစအဆုံး ပထမဆုံးကြည့်ခဲ့ရကြောင်း၊ ဇာတ်ကားပြသမည့်အချိန်ကို စောင့်မျှော်ခဲ့ပြီး ဇာတ်ရုပ်ထွဋ် နက်ရှိုင်းစွာ စီးမျောခံစားထားကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကျောင်ဟောအင်းက ပုံမှန်ဆိုလျှင် သရုပ်ဆောင်မှုကိုသာ ကြည့်သော်လည်း မိခင်ပါလာ၍ ဇာတ်ကားကို သေချာစွာကြည့်ပြီး တတိယအကြိမ်ဒါရိုက်တာရိုက်ကူးမှုရှုထောင့်ကို ကြည့်ဦးမည်ဟု ဆိုသည်။

သရုပ်ဆောင်တစ်ဦးအနေနှင့် နောက်ထပ်ပြန်ရမည့် အခိုက်အတန့်ကို မသိနိုင်သည့်အတွက် ယင်းဇာတ်ကားနှင့် Cannes ခရီးစဉ်ကို အမှတ်ရနေမည့် အမှတ်တရအဖြစ် သိမ်းထားမည်ဟုလည်း ထပ်ဆင့်ပြောကြားသွားသည်။

(SKY)

သွေးလှူခြင်းဖြင့် ကျန်းမာရေးကောင်းကျိုးများ ရရှိနိုင်

သွေးလှူခြင်းသည် မွန်မြတ်သည့် ကိစ္စတစ်ရပ် ဖြစ်ရုံမျှမက ကျန်းမာရေးကောင်းကျိုးများစွာလည်း ရရှိနိုင်ကြောင်း တိုင်းမိခ်ဆောင်းသတင်းဌာနက ဖော်ပြသည်။ ပုံမှန် သွေးလှူခြင်းဖြင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ကိုယ်ခံအားစနစ်ကို ပြန်လည်လည်ပတ်စေခြင်း၊ အူမကြီး၊ အသည်း၊ အဆုတ်၊ အစာပြန်နှင့် အစာအိမ် စသည့် ကလီစာကင်ဆာများ ဖြစ်နိုင်ခြေကို ကာကွယ်ပေးခြင်းတို့အပြင် ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများကို ရရှိစေသည်။

စာရင်းဇယားများအရ နှစ်စဉ်ကမ္ဘာ့တိုင်းတွင် ကမ္ဘာတစ်ဝန်းရှိ လူတစ်ဦးသည် သွေးသွင်းရန် လိုအပ်နေသော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စုအတွင်း သွေးလှူဒါန်းမှု နည်းပါးလာ၍ အရေးပေါ်သွေးပြတ်လပ်မှုများ ကြုံတွေ့နေရသည်ဟု ကြက်ခြေနီအသင်းက ကြေညာခဲ့ကြောင်း သိရသည်။

(SCI)

Yang Mi ၏ Fox Spirit Matchmaker Red Moon ခမ်းနားမှုများစွာနှင့် တွေ့ရ

ပရိသတ်တစ်ခဲနက်အားပေးမှုကို ရရှိထားသည့် Fox Spirit Matchmaker Red Moonတွင် ယောင်မီနှင့်အတူ မင်းသားချော ဂေါင်ဂျွန် ပါဝင်ထားပြီး နည်းပညာသစ် ထုတ်လုပ်မှုနှင့် ခမ်းနားမှုများစွာကို တွေ့ရသည်ဟု ပိန်ဘိုဂက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဓိကသရုပ်ဆောင် ယောင်မီနှင့် ဂေါင်ဂျွန်တို့ အနုပညာစုံတွဲကို အားပေးထားကြကာ လူသားမျိုးနှင့် မကောင်းဆိုး ဝါးမျိုးနွယ်တို့ ဖူးစာရေစက်ပါပုံကို ထူးဆန်းစွာ တင်ပြရိုက်ကူးထားသည်။

တရုတ်အနုပညာလောကမှ နည်းပညာစနစ်အသစ်ကို အသုံးပြုရိုက်ကူးထားပြီး ပြသချိန် သုံးရက်အတွင်း စံချိန်ချိုးနိုင်ခဲ့သည့် ဇာတ်ကားဖြစ်ခဲ့သည့်အပြင် နည်းပညာသစ်အတွက်လည်း ခမ်းနားထည်ဝါမှုများနှင့် မြင်တွေ့ကြရ၍ မျက်စိပသာဒဖြစ်ကာ ခီးကျူးဂုဏ်ပြုမှုရရှိထားသည်။

(SKY)

BTS မှ Jimin @ Park Jimin ကို အဖွဲ့ဝင်များက ချစ်ခင်၍ တစ်ကိုယ်တော်ပွဲတိုင်း ဖိတ်ခေါ်ခံရ

ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင်သည် စိတ်နှလုံးနူးညံ့၍ ကူညီလိုစိတ်၊ လူဒါန်းလိုစိတ်ရှိသူဖြစ်ရာ အဖွဲ့ဝင်များအားလုံး ချစ်ခင်ခံရပြီး သူတို့၏ တစ်ကိုယ်တော်ပွဲများတွင် ဖိတ်ခေါ်ခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် ဂျီ(ခေါ်)ကင်ထယ်ယောင်းသင်တန်းမသွားမီ ကျင်းပခဲ့သည့် ပရိသတ်တွေ့ဆုံပွဲ တစ်ကိုယ်တော်ကျင်းပရာ ဂျီမင်ကို ဖိတ်ခေါ်ခဲ့ပြီး မွေးနေ့ပွဲပါ ကျင်းပပေးခဲ့သည်။

ဆူဂါ(ခေါ်)မင်ယွန်းဂီက Agust D တစ်ကိုယ်တော်ရက်ပ် ဖျော်ဖြေပွဲတွင် ဂျီမင်ကိုလာမှ ဖြစ်မည်၊ သူ့ကို အားပေးရမည်ဟုဆို၍ ဂျီမင်ကို ဖိတ်ခေါ်ခဲ့သည်။

အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်) ကင်နမ်ဂျွန်၏ တစ်ကိုယ်တော်ဂီတ Right Place, Wrong Person အတွက် ရင်တွင်းခံစားချက်များကို နားထောင်၍ နားလည်မှုအပြည့်နှင့် အားပေးစကားပြောကြားသော ဂျီမင်ကိုခေါ်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

(SKY)

Priyanka Chopra ရောမတွင် ကျင်းပသည့် Bulgari ရတနာရှိုးပွဲ တက်ရောက်



အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပသည့် Bulgari ရတနာလုပ်ငန်း၏ နှစ်ပတ်လည်ရတနာရှိုးပွဲသို့ ဟောလိဝုဒ်၊ ဘောလိဝုဒ်နှင့် ကေပေါ့ပ်မှ နာမည်ကျော်များ တက်ရောက်ခဲ့ကြရာ ပရီရန်ကာချိုပရာလည်း ပါဝင်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်၏ အနုပညာသံတမန်များဖြစ်ကြသည့် အန်နီဟတ်ဇေး၊ ပရီရန်ကာချိုပရာ အပါအဝင် ကမ္ဘာကျော်အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြရာ ဖက်ရှင်စတိုင်လ်သစ်နှင့် ပရီရန်ကာချိုပရာမှာ တောက်ပစွာလှနေခဲ့ပြီး သူ၏လည်ဆွဲကို စိတ်ဝင်စားခဲ့ကြသည်။

ပရီရန်ကာချိုပရာ၏ လည်ဆွဲမှာ ဒေါ်လာ ၄၃ သန်းတန် Serpenti Aeterna စိန်ဘယက်ဖြစ်၍ မီဒီယာတွင် ဟိုးလေးတကျော့ဖြစ်ခဲ့ရသည်။

(SKY)

ကမ္ဘာ့နေရာဒေသအနှံ့အပြားဌ အပူချိန်နှိပ်စက်မှု၊ ဖန်လုံအိမ်အကျိုးအာနိသင်သက်ရောက်မှုကြောင့်ဟု ဆို



ဝါရှင်တန် ဓွန် ၂၂

ယခုနှစ်အတွင်း ကမ္ဘာ့နေရာအနှံ့အပြားဌ ရာသီဥတုအပူချိန်မြင့်တက်နေကြောင်း အမေရိကန်နှင့် ဥရောပအခြေစိုက် မိုးလေဝသစနစ်များတွင် တိုင်းတာသိရှိထားကြောင်း သိရသည်။

ထိုသို့ အပူချိန်လွန်ကဲနေခြင်းသည် ဖန်လုံအိမ်အကျိုးအာနိသင် သက်ရောက်မှုကြောင့်ဖြစ်သည်ဟု မိုးလေဝသပညာရှင်များက သုံးသပ်ကြသည်။

တောင်အမေရိကနှင့် မြောက်အမေရိက၊ အရှေ့အာရှ၊ အရှေ့တောင်ဥရောပစသော ဒေသများတွင် လက်ရှိရာသီဥတု အပူချိန်အလွန်အမင်းမြင့်တက်လျက်ရှိသည်။

ကနေဒါနိုင်ငံရှိ နယူးဘန်စဝစ်ခ်၊ နီဗာစကိုရှာ၊ အွန်တဲရီယို နှင့် ကွီဘက်အပါအဝင် မြောက်အမေရိကဒေသများတွင် လူဦးရေ သန်း ၇၀ ကျော် အပူဒဏ်ခံစားနေကြရသည်။

အိန္ဒိယ၊ ဆော်ဒီအာရေဗျ၊ ဂရိနိုင်ငံတို့တွင်လည်း အပူလွန်ကဲသဖြင့် လူအသေအပျောက် ရှိခဲ့သည်အထိ အခြေအနေ ဆိုးရွားခဲ့သည်။

၂၀၀၃ ခုနှစ်က ဥရောပ၌ အပူလှိုင်းဖြတ်စဉ် လူပေါင်း ၃၀၀၀၀ ခန့်အထိ သေဆုံးခဲ့ဖူးကြောင်း သိရသည်။

Mon



ပဲရစ်မြို့တော်ရှိ စိမ်းမြစ်ရေထု ညစ်ညမ်းမှု အိုလံပစ်အားကစားပွဲတော်နှင့် မလျော်ညီ

ပဲရစ် ဓွန် ၂၂

ပဲရစ်မြို့တော်ရှိ စိမ်းမြစ်ရေထု ညစ်ညမ်းမှုအခြေအနေသည် အိုလံပစ်အားကစားပွဲတော်အတွက် သတ်မှတ်ထားသော စံနှုန်းများနှင့် မလျော်ညီသည်ကို တွေ့ရကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

ထိုမြစ်ထဲသို့ မိုးရေဝင်ရောက်မှုများခြင်း၊ နေရောင်ခြည်ကျရောက်မှု မလုံလောက်ခြင်းစသော အကြောင်းရင်းများကြောင့် မြစ်ရေညစ်ညမ်းမှုအခြေအနေ ဆိုးရွားခဲ့ခြင်း ဖြစ်သည်။

စစ်ဆေးတွေ့ရှိချက်ရလဒ်အရ စိမ်းမြစ်ထဲတွင် လာမည့် အိုလံပစ်အားကစားပွဲတော်နှင့် သက်ဆိုင်သော ရေကူးပြိုင်ပွဲများကို လက်ခံကျင်းပနိုင်မည်မဟုတ်ကြောင်း သိရသည်။

Mon

0-0-0-0-0

ဘရာဇီး၌ ယောကျ်ားလိင်အင်္ဂါကင်ဆာဖြစ်နှုန်း မြင့်မား၊ ၁၀ နှစ်အတွင်း ပြတ်တောက်ကုသမှု ဖြ၅၀ အထိ ရှိခဲ့

ဘရာဇီးလီးယား ဓွန် ၂၂

ဘရာဇီးနိုင်ငံ၌ ယောကျ်ား လိင်အင်္ဂါကင်ဆာဖြစ်နှုန်း မြင့်မားနေသည်ဟု ဆောပေါလိုမြို့ ကင်ဆာရောဂါကုဌာနမှ ကျွမ်းကျင်သူများက အတည်ပြုကြောင်း သိရသည်။

အဆင်းရဲဆုံးပြည်နယ်များတွင် အဖြစ်အများဆုံး အဆိုပါ ကင်ဆာရောဂါကြောင့် ၁၀ နှစ်အတွင်း အမျိုးသားလိင်အင်္ဂါ ဖြတ်တောက်ကုသမှု ဖြ၅၀ အထိ ရှိခဲ့သည်။

လိင်အင်္ဂါတစ်ဝိုက်တွင် တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိသူများ ထိုကင်ဆာရောဂါ ခံစားရလေ့ရှိပြီး ရောဂါနှစဉ် သိရှိပြီး ကောင်းစွာကုသမှုခံယူပါက အသက်အန္တရာယ်မဖြစ်အောင် ထိန်းထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဘော့စနီးယား ဟာဇီဂိုးဗီးနားနိုင်ငံ ဆာယာယေဝိုမြို့တွင်း တစ်နေရာ၌ လျှပ်စစ်ဓာတ်အားပြတ်တောက်ရာမှ မီးရှိုင့်ပျက်သဖြင့် ယာဉ်ကြောပိတ်ဆို့နေစဉ်။

Mon

တရုတ်တောင်ပိုင်း ကွမ်တောင်းပြည်နယ်ရေကြီးမှုဌ ဒေသခံများ သေဆုံးမှု ၃၈ ဦးအထိ မြင့်တက်လာ

ပေကျင်း ဓွန် ၂၂

တရုတ်နိုင်ငံတောင်ပိုင်းရှိ လူနေထူထပ်သည့် ကွမ်တောင်းပြည်နယ်တစ်ဝန်း၌ ယခင်အပတ်က မိုးသည်းထန်စွာရွာသွန်းကာ ရုတ်တရက် ရေကြီးမှု ဖြစ်ပွားခဲ့သည်။

ဒေရာသီတစ်လျှောက်လုံး အပူလွန်ကဲမှုကို ခံစားရပြီးနောက် မိုးသည်းထန်ရေကြီးမှု ဖြစ်ပွားခဲ့သဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဒေသခံများ အခက်ကြုံနေရသည်။

မင်ကျိုးမြို့တစ်ဝိုက်တွင် လူကိုးဦး သေဆုံးခဲ့ပြီးနောက် ထိုရေကြီးမှု၌ နောက်ထပ်အသေအပျောက်ရှိမည် မဟုတ်တော့ဟု ထင်မြင်ယူဆခဲ့သော်လည်း ဇွန် ၂၁ ရက် နေ့လယ်ပိုင်းတွင် သေဆုံးမှုပမာဏ မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။.

မိုးသည်းထန်မှုကြောင့် လူဦးရေ ၅၅၀၀၀ ဦးကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး လူနေအိမ်ခြေ ၂၂၀၀ ကျော်နှင့် လမ်း ၄၇၀၀ ထိခိုက်ပျက်စီးကာ ယွမ် ၅ ဒသမ ၈၅ ဘီလျံ ဆုံးရှုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ထုတ်ပြန်ကြေညာသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အမြန်ဆုံးလုပ်ဆောင်ကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဇွန် ၂၂ ရက်တွင် ထပ်လောင်းတိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ Mon

အာကင်ဆတ်စ်ပြည်နယ် ဟော်ဒိုက်စ်မြို့တွင် လူသုံးဦး သေဆုံးသော သေနတ်ပစ်ခတ်မှု ဖြစ်ပွား

ဝါရှင်တန် ဓွန် ၂၂

အမေရိကန်ပြည်ထောင်စု အာကင်ဆတ်စ်ပြည်နယ် ဖော်ဒိုက်စ်မြို့တွင် ဇွန် ၂၁ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ လူသုံးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

လစ်တဲရော့ခ်မြို့မှ ၁၁၂ ကီလိုမီတာ ကွာဝေးသော လူဦးရေ ၃၂၀၀ မှီတင်းနေထိုင်သည့် ထိုမြို့ရှိ မက်ဘွတ်ချာကုန်စုံဆိုင်ကြီးထဲသို့ သေနတ်သမား ရုတ်တရက် ဝင်ရောက်လာပြီး ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေများက ထုတ်ဖော်ပြောကြားသည်။

ထိုပစ်ခတ်မှုတွင် သေဆုံးသူ သုံးဦးမှာ အရပ်သားများ ဖြစ်သည်။ ဒဏ်ရာရရှိသူ ၁၀ ဦး ရှိသည့် အနက် နှစ်ဦးမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း အာကင်ဆတ်စ်ပြည်နယ်ရဲညွှန်ကြားရေးမှူး မိုက်ခ်ဟာဂါက အတည်ပြုပြောကြားသည်။

သေနတ်သမားကို အခင်းဖြစ်နေရာတွင်ပင် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးရာ ဒဏ်ရာဖြင့် အဖမ်းခံခဲ့ရကြောင်း သိရသည်။

Mon

0-0-0-0-0

STOP AIDS

မြောက်ပိုင်းတြိဂံဒေသအတွင်း မိုးသည်းထန်ရေကြီးမှုကြောင့် လူ ၃၀ ဦးထက်မနည်း သေဆုံး

ဆန်ဆာလ်ဗေးဒိုး ဓွန် ၂၂

အယ်လ်ဆာဗေးဒိုး၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ် သုံးနိုင်ငံ နယ်နိမိတ်နှင့် ထိစပ်နေသဖြင့် မြောက်ပိုင်းတြိဂံဒေသအတွင်း လွန်ခဲ့သောရက်သတ္တပတ်က မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခဲ့သည်။

ထိုသို့ မိုးရွာသွန်းပြီးနောက် ဖြစ်ပွားသော ရေကြီးမှုကြောင့် လူ ၃၀ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အဆိုပါ သုံးနိုင်ငံ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ဇွန် ၂၁ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်နဲအင်နဲသတင်းဌာနက ဖော်ပြသည်။

ယင်းမိုးသည်းထန်ရေကြီးမှုကြောင့် အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် လူပေါင်း ၂၅၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး လူ ၁၉ ဦး သေဆုံးခဲ့သည်။

ဂွါတီမာလာနိုင်ငံတွင်မူ ဒေသ ၃၅၀ ဦးထက်မနည်း ရေဘေး ကယ်ဆယ်ရေးစခန်းသို့ ပို့ပေးခဲ့ရပြီး အသက်ဆုံးရှုံးသူ ၁၀ ဦး ရှိခဲ့သည်။

ဟွန်ဒူးရပ်စ်နိုင်ငံတွင်မူ ရေဘေးကြောင့် သေဆုံးသူ တစ်ဦး သာရှိပြီး အရေးပေါ်ရွှေ့ပြောင်းရသူပေါင်း ၁၂၀၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

Mon

■ ရှေ့ဖုံးမှ

ပွဲချိန် ၂၃မိနစ်တွင် ချက်အသင်း ဂိုးရရှိခဲ့သော်လည်း ကွင်းလယ်ဒိုင်က VAR ပြန်ကြည့်ကာ ဂိုးပယ်ဖျက်ခဲ့မှုကြောင့် ကျော်ဂျီယာတို့ သက်သာရာရခဲ့သည်။ ချက်အသင်းက ဆက်တိုက်ဆိုသလို ကျော်ဂျီယာအသင်းဘက်ကို ဂိုးပေါက်မြဲမြံခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း နောက်ခံကစားသမားများနှင့် ဂိုးသမား မာမာဒက်ရှ်ဗီလီ၏ အကောင်းဆုံး လက်စွမ်းပြထားမှုကြောင့် ချက်တို့ ဦးဆောင်ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ နောက်ပိုင်းတွင် ကျော်ဂျီယာအသင်းက ပြန်လည်ထိုးဖောက်လာနိုင်ခဲ့ပြီး ပထမပိုင်းပွဲစဉ်ပြီး ဆုံးခါနီးအချိန်တွင် ကျော်ဂျီယာတို့ ဂိုးအနီးတစ်ဝိုက်တွင် ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ရရှိလာသည့် ပြစ်ဒဏ်ဘောကို ခွာရက်စကယ်လီယာက တိုက်ရိုက်ကန်ခဲ့ပြီး ပင်နယ်တီ ဇရီယာအတွင်း ချက်အသင်း နောက်ခံကစားသမား လက်ထိသည်ဟုဆိုကာ ကွင်းလယ်ဒိုင်က VAR ပြန်ကြည့်ခဲ့သည်။ VAR ပြန်ကြည့်ပြီးနောက် ကျော်ဂျီယာအသင်းအား ပင်နယ်တီချပေးခဲ့ပြီး အဆိုပါ ပင်နယ်တီကို ပွဲချိန် (၄၅+၄)မိနစ်တွင် မီကာတာဇီက ကန်သွင်းယူကာ ဦးဆောင်ဂိုးရယူပေးသွားသည်။ ပထမပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် ကျော်ဂျီယာအသင်းက ချက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ဦးဆောင်ဂိုး ပေးထားရသည့် ချက်အသင်းသည် လူစားပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ကျော်ဂျီယာအသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ထိုးဖောက်မှုများပြုလုပ်ခဲ့သည်။ ပွဲချိန် ၅၉မိနစ်တွင် ထောင့်ကန်ဘောဖြတ်တင်ပေးပို့မှုကို လူစားဝင်ကစားသမား လင်ဂါက တိုက်ရိုက်ခေါင်းတိုက်သွင်းယူခဲ့သော်လည်း ကျော်ဂျီယာဂိုးတိုင်နှင့် ထိမှန်ပြီး ပြန်ထွက်လာသည့် ဘောလုံးကို ပက်ထရစ်ရှစ်ခ်က အသာအယာသွင်းယူကာ ချက်အသင်းအတွက် ချေပဂိုးရယူပေးနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် နှစ်ဖက်အသင်းစလုံးဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့်သာ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ကျော်ဂျီယာအသင်းနှင့် ချက်အသင်းတို့သည် အုပ်စု (စ)ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် ရမှတ် ၁မှတ် စီသာ ရရှိထားသေးသည်။

ဂျာမနီနိုင်ငံ၊ ဒေါ့မွန်မြို့၊ ဒေါ့မွန်ဘောလုံးကွင်းတွင် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ပေါ်တူဂီအသင်းနှင့် တူရကီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက တူရကီအသင်းအား ခြေစွမ်းအသာဖြင့် သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် ပေါ်တူဂီအသင်းကသာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တူရကီအသင်းဘက်ကို ဆက်တိုက် ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ၂၁မိနစ်တွင် ဘာနာဒိုဆေးလိမ်းက ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၈မိနစ်တွင်လည်း အာကေဒင် ကိုယ့်ဂိုးကိုယ် ပြန်လည် သွင်းယူမှုကြောင့် ပေါ်တူဂီတို့ ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။ တူရကီအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း မာကျောလှသည့် ပေါ်တူဂီအသင်း ခံစစ်ကြောင်းနှင့် ဂိုးသမားကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ပေ။ ပထမပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် ပေါ်တူဂီအသင်းက တူရကီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိ ဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ပေါ်တူဂီအသင်းကသာ ပွဲကို အကောင်းဆုံးစိုးမိုးထားနိုင်ခဲ့ပြီး ပွဲချိန် ၅၆မိနစ်တွင် စီရော်နယ်လ်ဒို၏ ဖန်တီးပေးပို့မှုကို ဘရူနိုဖာနန်ဒက်ဇ်က လှလှပပသွင်းယူကာ ပေါ်တူဂီအသင်းအတွက် တတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ တူရကီအသင်းက လူစားပြောင်းလဲမှု လေးကြိမ်ထိပြုလုပ်ခဲ့ပြီး တိုက်စစ်ကို မြှင့်တင်ခဲ့သော်လည်း ထိရောက်သော ထိုးဖောက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ချေပဂိုးရရှိရန် ခက်ခဲခဲ့သည်။ ပွဲချိန် မိနစ် ၉၀အထိ နှစ်သင်းစလုံး သွင်းဂိုးများသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် ပေါ်တူဂီအသင်းက တူရကီအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၆)ရှိသည့် ပေါ်တူဂီအသင်းသည် အုပ်စု (စ)ပွဲစဉ် ၂ပွဲကစားအပြီးတွင် ၂ပွဲစလုံး အနိုင်ရရှိကာ ၁၆သင်း ရှုံးထွက်အဆင့်သို့ ထိုက်ထိုက်တန်တန်တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အဆင့် (၄၂)ရှိသည့် တူရကီအသင်းမှာမူ ပွဲစဉ် ၂ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၃မှတ်သာ ရရှိထားခြင်းကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ရုန်းကန်ရဦးမည်ဖြစ်သည်။

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

နောင်ချိုမြို့တွင် စိတ်ပြောင်းဆေးဝါးများ ပမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာ ဖွေစဉ် လားရှိုးမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ဆိုင်းနူးပန်ဆိုသူ၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၉၆၀ ဂရမ်၊ အက်တက်စီဆေးပြား ၄၅၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တော့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မဆိုင်းနူးပန်(၂၈)နှစ်ဆိုသူအား ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ကျိုင်းတုံမြို့နယ်တွင် စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒဿမ ၆ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် ည ၁၀ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တာပုံကျေးရွာအနီးတွင် TOYOTA WISA ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် အိုက်ဆန်း(ခ)အိုက်ပေါင်းသင်္ဘောသားသည့် ပလတ်စတစ်ပုံးအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒဿမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား မိုင်းယန်းမြို့နယ်၊ မိုင်းပေါက်မြို့မှ တာချီလတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ခင်ခင်ဦး(ခ)စီစီနှင့် အိုက်ဆန်း(ခ)အိုက်ပေါင်းဆိုသူတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ မြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွေ့ပြောင်းနိုင်သောပစ္စည်း၊ မရွေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၁ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Pan Tha Khin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ချိုချိုသက်အား မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ချက်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၂

နိုင်ငံသားတိုင်း သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်။

ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် ယင်းဥပဒေအား စတင်အသက်ဝင်စေခဲ့သည်။ ထိုသို့ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)နှင့် အမှတ်စဉ်(၂)တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါတွင်လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သို့ တက်ရောက်ရန်အတွက် နိုင်ငံ့သားကောင်းများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိလာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အောင်သပြေများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃)တွင် သင်တန်းတက်ရောက်ရန် ရောက်ရှိလာခဲ့ကြသူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအားပေး စကားပြောကြားပြီး ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည့်စုဖွဲ့ ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃)သို့ တက်ရောက်ရန် ရောက်ရှိလာသည့် သင်တန်းသားနှစ်ဦး၏ စကားသံများကိုလည်း အခုကဲ့သို့ ကြားသိရခဲ့ရပါသည်-

ရဲထိုက်ဦး

ကျွန်တော့်နာမည်က ရဲထိုက်ဦး ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း တာဝန်လာထမ်းဆောင်တာဖြစ်ပါတယ်။ ကျွန်တော် ဒီသင်တန်းကာလ သုံးလတာကာလမှာ အကောင်းဆုံး ကြိုးစားသွားမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော် ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာဖြစ်ပါတယ်။ ဒါကြောင့် သင်တန်းပြီးတာနဲ့ တာဝန်ကျတဲ့တပ်ရင်းမှာ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မယ်လို့ ကျွန်တော် ကတော့ ဆုံးဖြတ်ထားပါတယ် ခင်ဗျ။

ကျော်ကျော်အောင်

ကျွန်တော့် နာမည်က ကျော်ကျော်အောင် ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း တာဝန်လာထမ်းဆောင်တာပါ။ သင်တန်းကာလ သုံးလမှာလည်း ဒီကဒို့ချမယ့် စည်းကမ်းချက်တွေရယ်၊ လုပ်ဆောင်ရမယ့် အလုပ်တွေရယ်ကို လိုက်နာပါမယ်။ ဒီသုံးလ သင်တန်း ပြီးသွားရင်လည်း တာဝန်ကျရာတပ်မှာ တာဝန်ကို အပြည့်အဝ ထမ်းဆောင်ပါမယ်။ နိုင်ငံတော်ကို ကာကွယ်ဖို့ နောက်လာမယ့် သူတွေလည်း ကျွန်တော်တို့လို ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက် ထမ်းဆောင်ကြပါလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ။

သတင်းစဉ်

ရဲထိုက်ဦး

ကျော်ကျော်အောင်

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်ကြားရေးထောက်ပံ့ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်ကြားရေး ထောက်ပံ့ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်ကြားရေး ထောက်ပံ့ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာရည်ထူးချွန်ဆု ရရှိသူများအား ဆုချီးမြှင့်ခြင်း၊ တက်ရောက်လာသော အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်ပြီး အလှူရှင်များက ရုပ်ရှင်အစည်းအရုံးဝင်များ၏ သား၊ သမီးများကို ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ပညာသင်ကြားရေးထောက်ပံ့ပွဲတွင် အလှာပေါင်းစုံမှ အစည်းအရုံးဝင်မိသားစုများ၏ ကလေးငယ် ၁၇၀ ဦးအတွက် ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်း ၁၀ မျိုးကို ပေးအပ် ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(ကဆ)

ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့် အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

နိုင်ငံတကာ အားကစား သတင်းများ

2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

မြူးနစ် ဓွန် ၂၂

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင်ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils အား ၆-၇၊ ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

2024 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် ပိုလန်တင်းနစ်ကစားသမား Hubert Hurkacz တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

မာခ်ကာဆာဒို ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

ဘာစီလိုနာ ဓွန် ၂၂

ဘာစီလိုနာအသင်းသည် အသင်းလူငယ် ကွင်းလယ်ကစားသမား မာခ်ကာဆာဒိုအား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့် အတူ ပြိုင်ပွဲ ၄ ပွဲကစားထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၀)နှစ်အရွယ်ရှိ မာခ်ကာဆာဒိုက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့်ဘောလုံးရာသီမှာလည်း ပုံမှန်ပွဲထွက်ခွင့်ရဖို့ ကြိုးစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ ဆုဖလားများစွာလည်း သိမ်းပိုက်ရယူသွားချင်ပါတယ်' ဟု ပြောသည်။ **(အောက်ပုံ)(NGB)**

သီယိုဟာနန်ဒက်ဇ်အား ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

လန်ဒန် ဓွန် ၂၂

ချဲလ်ဆီးအသင်းသည် အေစီမီလန် အသင်း နောက်ခံကစားသမား သီယိုဟာနန်ဒက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့် အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၃ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း သီယို ဟာနန် ဒက် ဇ် အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်း အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အေစီမီလန်အသင်း ထံမှ သီယိုဟာနန်ဒက်ဇ်အား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

အုပ်စု(က)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – ဂျာမနီ ၅-၁ စကော့တလန် ဟန်ဂေရီ ၁-၃ ဆွစ်ဇာလန်
ပွဲစဉ်(၂)ရလဒ် – ဂျာမနီ ၂-၀ ဟန်ဂေရီ စကော့တလန် ၁-၁ ဆွစ်ဇာလန်

အုပ်စု(က)အမှတ်ဒဿဂေယား

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာခြားမှု	ရမှတ်
၁	ဂျာမနီ	၂	၂	-	-	၇	၁	+၆	၆
၂	ဆွစ်ဇာလန်	၂	၁	၁	-	၄	၂	+၂	၄
၃	စကော့တလန်	၂	-	၁	၁	၂	၆	-၄	၁
၄	ဟန်ဂေရီ	၂	-	-	၂	၁	၅	-၄	-

ဆွစ်ဇာလန် – ဂျာမနီ

ဓွန် ၂၄ ရက် (တနလ်ာနေ့) နံနက် ၀၁း၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၄-၆-၁၉၆၂ ဂျာမနီ ၂-၁ ဆွစ်ဇာလန် (ကမ္ဘာဖလား ၆၂ အုပ်စု)
၁၃-၇-၁၉၆၆ ဂျာမနီ ၅-၀ ဆွစ်ဇာလန် (ကမ္ဘာဖလား ၆၆ အုပ်စု)
၂၀၂၀ ဆွစ်ဇာလန် ၁-၁ ဂျာမနီ ၃-၃ ဆွစ်ဇာလန် (UEFA နေ့ရှင်းလိုက် အုပ်စု)

ဆွစ်ဇာလန်အသင်းနှင့် အိမ်ရှင် ဂျာမနီအသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၁၃)ကြိမ် ဆုံတွေ့ခဲ့ရာ ဆွစ်ဇာလန်က နှစ်ကြိမ်သာ အနိုင်ရပြီး လေးကြိမ် သရေကျကာ (၇)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ဂျာမနီတို့ အသာရနေ၍ ဂျာမနီတို့ အနိုင်သေချာသော်လည်း ဂျာမနီတို့ အုပ်စုတက်ပြီးဖြစ်၍ သရေလည်း ကျသွားနိုင်သည့် ပွဲမျိုးဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

ဆွစ်ဇာလန်-နိုင်၊နိုင်၊သရေ၊နိုင်၊သရေ ဂျာမနီ-နိုင်၊သရေ၊နိုင်၊နိုင်၊နိုင်

စကော့တလန် – ဟန်ဂေရီ

ဓွန် ၂၄ ရက် (တနလ်ာနေ့) နံနက် ၀၁း၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၁၈-၈-၂၀၀၄ စကော့တလန် ၀-၃ ဟန်ဂေရီ (ခြေစမ်းပွဲ)
၂၈-၃-၂၀၁၈ ဟန်ဂေရီ ၀-၁ စကော့တလန် (ခြေစမ်းပွဲ)

စကော့တလန်အသင်းနှင့် ဟန်ဂေရီအသင်းတို့သည် ခြေစမ်းပွဲ နှစ်ပွဲတွင် တစ်ကြိမ်စီ အနိုင်ရထားကြပြီး စကော့တလန်တို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

စကော့တလန်-ရှုံး၊နိုင်၊သရေ၊ရှုံး၊သရေ ဟန်ဂေရီ-နိုင်၊ရှုံး၊နိုင်၊ရှုံး၊ရှုံး

အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)ပွဲစဉ်များ

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်
၂၃-၆-၂၀၂၄ တနင်္ဂနွေနေ့	ပွန်းလွဲ ၂၃၀နာရီ	ထိုင်း – ဩစတြေးလျ
။	ညဂုဏ်နာရီ	မလေးရှား – တီမော

၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)

နိုင်ကမ္ဘာ

အုပ်စု(ဂ)ပွဲစဉ်

အမေရိကန် – ဘိုလီးဗီးယား

ဓွန် ၂၄ ရက် (တနလ်ာနေ့) နံနက် ၄း၃၀နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၁၁-၇-၁၉၉၅ ဘိုလီးဗီးယား ၁-၀ အမေရိကန် (ကိုပါ အမေရိကဖလား အုပ်စု)
၂၉-၅-၂၀၁၆ အမေရိကန် ၄-၀ ဘိုလီးဗီးယား (ခြေစမ်းပွဲ)
၂၉-၅-၂၀၁၈ အမေရိကန် ၃-၀ ဘိုလီးဗီးယား (ခြေစမ်းပွဲ)

ကမ္ဘာအဆင့်(၁၁)ရှိသည့် အိမ်ရှင် အမေရိကန်အသင်းနှင့် ကမ္ဘာအဆင့်(၈၅)ရှိသည့် ဘိုလီးဗီးယားအသင်းတို့ ဆုံတွေ့မှုတွင် အိမ်ရှင်အခွင့်အရေးသာသည့် အမေရိကန်တို့ အနိုင်ရမည်ဟု ခန့်မှန်းချင်ပါသည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

အမေရိကန်-ရှုံး၊နိုင်၊နိုင်၊ရှုံး၊သရေ ဘိုလီးဗီးယား-ရှုံး၊နိုင်၊ရှုံး၊ရှုံး၊ရှုံး

ဥရုဂွေး – ပနားမား

ဓွန် ၂၄ ရက် (တနလ်ာနေ့) နံနက် ဂး၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၅-၉-၂၀၁၅ ပနားမား ၀-၁ ဥရုဂွေး (ခြေစမ်းပွဲ)
၈-၆-၂၀၁၉ ဥရုဂွေး ၃-၀ ပနားမား (ခြေစမ်းပွဲ)
၁၂-၆-၂၀၂၂ ဥရုဂွေး ၅-၀ ပနားမား (ခြေစမ်းပွဲ)

ကမ္ဘာအဆင့်(၁၄)ရှိသည့် ဥရုဂွေးအသင်းနှင့် ကမ္ဘာအဆင့်(၄၁)ရှိသည့် ပနားမားအသင်းတို့သည် ခြေစမ်းပွဲ သုံးပွဲသာ ယှဉ်ပြိုင်ဖူးပြီး သုံးကြိမ်လုံး ဥရုဂွေးကသာ အနိုင်ရနေသည့်အတွက် ဥရုဂွေး အနိုင်သေချာသည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

ဥရုဂွေး-နိုင်၊သရေ၊ရှုံး၊သရေ၊နိုင် ပနားမား-ရှုံး၊ရှုံး၊နိုင်၊နိုင်၊ရှုံး

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ပြည်ပသို့ မြန်မာ့ကော်ဖီတင်ပို့မှု တန်ချိန် ၂၀၀၀ ခန့်ရှိခဲ့ပြီး ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားများပြားနေ

မန္တလေး ၆နှိ ၂၂

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ကော်ဖီများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဘဏ္ဍာနှစ်က ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားများပြားနေကြောင်း မြန်မာနိုင်ငံ၊ ကော်ဖီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းမှ ကော်ဖီများ တင်ပို့လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နှင့် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရသည်ဟု ဆိုသည်။

"ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာ ကော်ဖီတန်ချိန် ၂၀၀၀ လောက် တင်ပို့နိုင်ခဲ့ပြီး ခုဘဏ္ဍာနှစ် ဇပြီ၊ မေ၊ ဖွန်လဆန်းပိုင်းထိ တင်ပို့မှု စာရင်းအတိအကျမသိရသေးပေမယ့် တန်ချိန် ၄၀၀ ကျော် တင်ပို့ပြီးပြီလို့ ခန့်မှန်းရပါတယ်။ ကမ္ဘာ့ကော်ဖီဈေးကွက်ကိုကြည့်ရင် Demand & Supply မှာ Demand က များနေတာတွေ့ရတယ်။ တင်ပို့သူ တချို့ဈေးကောင်းရပြီး တချို့က ပုံမှန်ဈေးရကြတယ်လို့သိရတယ်" ဟု ၎င်းက ပြောသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်တွင် တစ်တန်လျှင် ကော်မာရှယ်ဆိုပါက အမေရိကန်ဒေါ်လာ ၃၀၀၀ ကျော်၊ ပရီးမီးယား ကော်ဖီမှာ ၄၀၀၀ ကျော်နှင့် အထူးကော်ဖီမှာ ၅၀၀၀ ဝန်းကျင်ရရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ကော်ဖီထွက်နှုန်းကျဆင်းပြီး ဝယ်လိုအား (Demand) များပြားသဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပြည်တွင်း၊ ပြည်ပ ကော်ဖီသောက်သုံးမှုများပြားလာတာကြောင့် ဝယ်လိုအားများလာတယ်။ ပြည်တွင်းကော်ဖီစိုက်ခင်းတွေမှာ အခြေအနေအရ အချိန်မတိုင်မီ ခူးဆွတ်ရတာကြောင့် အရည်အသွေးကျဆင်းတာမျိုးရှိပေမယ့် အကောင်းဆုံးဖြစ်အောင် လုပ်ကြတာပါ။ ဈေးကတော့ အရည်အသွေးပေါ်မူတည်ပြီး ကွာခြားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ကော်ဖီကို တရုတ်၊ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်းကောင်း၊ ဥရောပနိုင်ငံများ၊ အာဆီယံနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေကြောင်း၊ ကမ္ဘာ့ကော်ဖီပြပွဲများသို့လည်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သွားရောက်ပြသပြီး ပြည်ပဈေးကွက်တိုးချဲ့လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့စဉ်-၉)

မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ ဝန်ထမ်းမိသားစုများ ဘုရားဖူးသွားရောက်

မန္တလေး ၆နှိ ၂၂

နေပြည်တော်ရှိ မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ ပဉ္စမအကြိမ် ဘုရားဖူးသွားရောက်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစု (၁၀၀)ဦးသည် မိနီဘတ်စ်ကား ငါးစီးဖြင့် ပဉ္စမအကြိမ်အဖြစ် စနေနေ့ ရုံးပိတ်ရက်တွင် နေပြည်တော်သို့ ယနေ့နံနက်ပိုင်းက ထွက်ခွာပြီး မာရဝိဇယဘုရားကြီးနှင့် ဥပ္ပါတသန္တိဘုရားကြီးသို့ သွားရောက်ဖူးမြော်ရာ သက်ဆိုင်ရာ ဂေါပကအဖွဲ့များက ဘုရားသမိုင်း မှတ်တမ်းဒီဒီယိုမှတ်တမ်းပြသပြီး ဘုရားအား လှည့်လည်ဖူးမြော်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ပြီး ယင်းဘုရားဖူးအစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း ဝန်ထမ်းမိသားစုများ အလှည့်ကျ သွားရောက်ဖူးမြော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မန္တလေးနေ့စဉ်-၆)

ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

မန္တလေး ၆နှိ ၂၂

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်ကို၊ ဒေါက်တာဦးခင်မြို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာ ဦးဝင်းနိုင်၊ အားကစားနှင့်ကာယပညာဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဘောလုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခေါဝင်းနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာအား ချီတက်အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က ကွင်းဖွင့်အမှာစကားပြောကြားပြီး ဘာသာရပ်ပေါင်းစုံဘောလုံးအားကစားပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

အုပ်စု ပထမပွဲစဉ်အဖြစ် ညွန့်ပေါင်း(၁)အသင်းနှင့် နိုင်ငံတကာဆက်ဆံရေးပညာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ညွန့်ပေါင်း (၁) အသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ဓာတုဗေဒအသင်းက ပထဝီဝင်အသင်းကို သုံးဂိုး၊ ဂိုးမရှိပြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် ညွန့်ပေါင်း(၂)အသင်းက ရူပဗေဒအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြောင်းနှင့် အုပ်စုပွဲစဉ်များကို ဇွန် ၂၁ရက်မှ ၂၅ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း (၁၃)သင်းဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝဲ၈၂)

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

မန္တလေး ၆နှိ ၂၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်မြောက်ရပ်ကွက်၊ အကွက်(စ၃၈)၊ ၄၂လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားတွင်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်မြောက်ရပ်ကွက်၊ အကွက်(စ၃၈)၊ ၄၂လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားတွင်လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်(ဟ-၁၆)၊ ၁၁၇လမ်း၊ ၅၈လမ်းနှင့် ၆၀လမ်းကြားတွင်လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် အမရပုရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်၊ တမာတန်းလမ်း၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်၊ ရှင်ပင်ဆယ်သွားဘုရားအနီး တွင်လည်းကောင်း၊ ဇွန် ၂၈ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၆)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှစ်ပတ်လည်အစည်းအဝေးနှင့် အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

မန္တလေး ဇွန် ၂၂

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် အမျိုးသမီးရေးရာအဖွဲ့၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄ လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြားရှိ တိုင်းဒေသကြီး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့၏ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးဒေါ်မမ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ နာယကအဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ဥက္ကဋ္ဌ ဒေါ်မိမိစိုး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက်ပိုင်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ကျင်းပရာ တိုင်းဒေသကြီးဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အစည်းအဝေးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရမည့်တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌတို့က ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များအား တစ်ခရိုင်လျှင် ငွေကျပ်နှစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် အကြိမ်(၂၀)မြောက် အမျိုးသမီးရေးရာအဖွဲ့ ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မွန်းလွဲတစ်နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

၄င်းနောက်ကျောက်ဆည်မြို့နယ်၊ ကြောင်ပန်းကုန်း စီမံချက်ရွာအတွက် ဗလာစာအုပ်များကို နာယကက ပေးအပ်လူဝါန်းရာ ကျောက်ဆည်ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ဆက်လက်၍ ခရိုင်များက အဖွဲ့ဝင်အဆိုပြုလွှာများ ပေးအပ်ခြင်း၊ ခရိုင်များသို့ လက်ကမ်းစာစောင်များ ပေးအပ်ခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနား အပြီးတွင် နာယက၊ နာယကအဖွဲ့ဝင်များသည် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ **(ဝ၉၃)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ပထား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲများ ဆက်လက်ကျင်းပ

မန္တလေး ဇွန် ၂၂

၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေမန္တလာအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတို့တွင် ဇွန် ၂၁ ရက် ညနေပိုင်းကကျင်းပရာ ဗထူးကွင်းပွဲ(ခ)အုပ်စုပွဲတွင် မြင်းခြံခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျောက်ဆည်ခရိုင်အသင်းက ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အောင်မြေမန္တလာကွင်း(ဂ)အုပ်စုပွဲစဉ်တွင် ရမည်းသင်းခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ရမည်းသင်းခရိုင်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှတာဝန်ရှိသူများ ပြိုင်ပွဲဝင် ခရိုင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာများ၊ ဘောလုံးဒိုင်လူကြီးများ၊ ဖိတ်ကြားထားသူများ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြကြောင်းနှင့် အဆိုပါအမျိုးသမီးဘောလုံးပြိုင်ပွဲ(က)အုပ်စုတွင် တံတားဦးခရိုင်၊ အောင်မြေသာစံခရိုင်နှင့် ညောင်ဦးခရိုင်အသင်း၊ အုပ်စု(ခ)တွင် မြင်းခြံခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် အမရပူရခရိုင်အသင်း၊ အုပ်စု(ဂ)တွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အသင်း၊ (ဃ)အုပ်စုတွင် မဟာအောင်မြေခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်းတို့အသီးသီးပါဝင်ကြပြီး ဇူလိုင် ၂ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၀)**

သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မန္တလေး ဇွန် ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကျောက်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း အလယ်ပေါင်တံတားအနောက်ဘက် ချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၂လမ်းနှင့် ၂၃ လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို Longarm စက်နှင့် ပွီးဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅ လမ်းနှင့် ၂၆လမ်းကြားရှိ ချောင်းအတွင်းမှ အမှိုက်ဒိုက်နှင့်ဗေဒါများကို PC-200 စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်း အနောက်ဘက်ပတ်လမ်း ၃၃လမ်းနှင့်၃၄လမ်းကြား ချောင်းအတွင်း ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဘောချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြု ဆောင်ရွက်ထားသည်။

ကန်တော်ကြီး သာယာလှပရေးအတွက် ပန်းဥယျဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် ဓော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၈၀ ခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်တစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဇက ခွဲခန့် ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်း သာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည်(၂၁ ၂၂လမ်းနှင့်၃၃လမ်းကြား လမ်းဘေး ဝဲယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံဖြတ်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး(VDP)စီမံကိန်းပြင့် ကျေးရွာ(၉)ရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပေးမည်

ကျောက်ဆည် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မြင့်မားစေရေး၊ ကျေးရွာများတွင် လိုအပ်သည့်ကဏ္ဍများအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် (VDP)စီမံကိန်းဖြင့် ကျေးရွာ ၉ ရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းပေးသွားမည်ဖြစ်သည်။

(VDP)စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို သမန္တလင်း၊ ကျားကာ၊ အင်ရောင်း၊ ကြက်ဆင်၊ မြင်းကဘက်၊ ဝမ်းကာဆိပ်၊ လက်ဝဲစု၊ ပေတောကြီး၊ ဘလုံ့ ကျေးရွာများတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူများ ပူးပေါင်းပါဝင်တတ်စေပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် အတွက် လမ်းကော်မတီအား ကျေးရွာပြည်သူများနှင့်ဖွဲ့စည်း၍ လမ်းအရည်အသွေးကောင်းမွန်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာများနှင့် လိုအပ်သည်များ အကူအညီများပံ့ပိုး၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

(VDP)စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းရာ၌ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေသိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေ(လုပ်အား)များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများပြီးစီးပါက ကျေးရွာ ၉ ရွာမှ အိမ်ခြေ ၁၂၇၄ အိမ်၊ အိမ်ထောင်စု ၁၂၇၆ စုမှ ပြည်သူဦးရေ ၅၇၄၉ ဦးတို့၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မြှင့်လာမည်ဖြစ်ကြောင်း သိရသည်။ **(၄၈၅)**

ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၅)

သွယ်အောင်

နောက်တစ်နေ့အောင်ဘည်ဒုနှင့် တွေ့သော အခါ အောင်ဘည်ကို ဆရာမင်းသစ်ဆီမှ ယူထား သော မဂ္ဂဇင်းစာအုပ်မချုပ်ရသေးသော ပုံနှိပ်စက် တင်ပြီး လေးချိုးစာရွက်ကြီးတစ်ရွက် ကျွန်တော့်အား ပေးသည်။

"ရော့ သွယ်အောင်- ဆရာမင်းသစ်ဆီက ပုံနှိပ်ပြီး ကဗျာစာရွက် မင်းဖို့ ငါယူလာတာ၊ မင်း ကဗျာပါတယ်။ ငါ့ကဗျာလည်း ပါတယ်။ မင်းနဲ့ငါ ကျောချင်းကပ်လျက်ပဲ"

"ကျေးဇူးပဲ အောင်ဘည်ရေ..."

ကျွန်တော်က အောင်ဘည်ပေးသော ကဗျာ စာရွက်ကို ယူကြည့်ရာ ကျွန်တော်၏ကဗျာမှာ စာမျက်နှာ(၁၀)တွင်ဖြစ်ပြီး အောင်ဘည်၏ကဗျာမှာ စာမျက်နှာ (၉)ဖြစ်သည်။ စာရွက်မှာ မဂ္ဂဇင်းလေးချိုး ဆိုဒ် ချိုးထား စာရွက်ကြီးကို ဖြန့်ကြည့်လိုက်သော အခါ တစ်မျက်နှာတစ်ပုဒ်ဖြင့် ကဗျာရှစ်ပုဒ် ပုံနှိပ် ထားခြင်း ဖြစ်သည်။

ရုပ်တေးကဗျာမဂ္ဂဇင်း၏ အဖွင့်စာမျက်နှာတွင် သုံးမည့် ကဗျာများဖြစ်သည်။ ကဗျာအားလုံး ပန်းချီဆရာဝသုန်၏ သရုပ်ဖော်ပုံများ ရေးဆွဲထား သည်။ ဆရာမောင်ခိုင်မာ၊ ဆရာမင်းသစ်၊ နောင် ဝင်းထွန်းတို့၏ ကဗျာများကိုလည်း တွေ့ရသည်။

ကဗျာစာရွက်ကိုင်ထားသော ကျွန်တော့်လက် များမှာ ဝမ်းသာမျော်ရွှင်လွန်း၍ မသိမသာ တုန်ယင် နေမိသည်။ ကျွန်တော့်ကဗျာကို တစ်လုံးချင်း အသံ ထွက်ဖတ်ကြည့်ရာ အောင်ဘည်ကို ကျွန်တော့်ကို ပြုံးပြီး ကြည့်နေသည်။



ဧလှကာနှစ်ဆယ့်ရှစ်ဆစ်

သွယ်ဇအောင်

* ငါးညီနှံစိုစိုက
စံပယ်ပန်းရနံ့ကို
စားသုံးဝါးမျိုလိုက်တယ်။
* ဝါကျတစ်ကြောင်းက
စာရွက်ပေါ်မှာ လဲလျောင်းလို့
အတောင်ပံတွေကို တောင်းဆိုနေတယ်။
* လရောင်ခြည်က
အာကာသရွက်ထည်ရဲ့တစ်နေ
ငွေရောင်တွေနဲ့တည်ဆောက်ပြုစုနေတယ်။
* လမ်းထိပ်ကင်းတဲက
သံချောင်းခေါက်သံဟာ
ညထဲမှာ အရည်မျော်သွားတယ်။
* အဲဒီအချိန်မှာ
ငါဟာ ....
ကောင်းကင်နှစ်ထပ်ကို
လှေကား(၂၈)ထစ်နဲ့ တက်ခဲ့တယ်။ ။
(မွေးနေ့သို့)

တစ်ဆက်တည်း ကျွန်တော့်ကဗျာနှင့် ရှေ့နောက် ကျောချင်းကပ်လျက်ပါရှိသော အောင်ဘည်၏ကဗျာ ကိုလည်း ဖတ်ကြည့်နေမိသည်။ အောင်ဘည်၏ကဗျာ မှာ မန္တလေး ဧရာဝတီမြစ်၏ ပိုက်ကျူးညနေခင်း မြင် ကွင်းကို သရုပ်ဖော်ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။

ပိုက်ကျူးညနေ

* လိမ္မော်ရောင်နေလုံး
မင်းဝံတောင်ကုန်းထက်
ပိုက်ကျူးကို ပြုံးပြီး
နှုတ်ဆက်နေပြီ ။
* ပိုက်ကျူးဟာ
နှီးရွှရင် ဗွက်
နေပူရင် ဖုန်
ရင်ခုန်ခံစား အသိပွားနိုင်တယ်။
* မြင်းခွာသံ ဖြောင်းဖြောင်း
ဖုန်ထောင်းထောင်းထ
ကောင်းတွိုင်ဆန်လှချည်လားကွယ်။
* အညာပြန်မယ့်သူ
လူပေါင်းရောင်စုံ
ပိုက်ကျူးမှာဆုံကြ...။
* အရိပ်မဲ့တဲ့
မြင်းလှည်းဂိတ်မှာ
ပါလား ... ပါလား
လုပ်အား ကူလီ
ကျဲလှီခေါင်းပေါင်း
အရွယ်ကောင်းလုံမများ
အားကောင်းသူတို့
အားရောင်းသူတို့
ကုတို့ ခေါင်းရွက်
အားတက်စွာ
အင့်ငှာရွက်ဖို့
စကားသွက်နေဆဲ...။
* မီးခိုး အူအူ
ဥဩဆူပွက်
စက်ရုံအလုပ်ဆင်းချိန်
ချိုမြိန်သော ညနေခင်း
ပိုက်ကျူးဟာ
ရွှေနားတော်သွင်းရှာတယ်။
* အာလူးလှည်း
ပဲလှည်း၊ ဝါးလှည်း
သစ်လှည်း၊ သဲလှည်း
ရေစည်လှည်းတွေ
ရောင်းဝယ်ဖြတ်သန်း
စီးပွားရေးမျက်နှာပန်း
လမ်းပန်းဆက်သွယ်မှု
(ပိုက်ကျူးကို)
ဥပက္ခာပြုလို့ ရမလားကွယ်...။
* ရေဆိပ်နားမှာ
အိမ်ခြေငြိတ်သိပ်
စီတိုရင်းဖြူသူ
စီတိုရင်းတူသူ
နေပူစပ်ခါး၊ တက်ခတ်ငါးရှာ
ခေါင်းရွက်ဖျပ်ထိုး
နေ့ပြန်တိုးတစ္ဆေပူးကပ်
ဘဝပြစာတိ ကပြသူတွေ...။
* ကဗျာရေးတဲ့ သကောင့်သား
ပိုက်ကျူးကို ခံစားနေတုန်း
ဖြုန်းဆို...
ပိုက်ကျူးထက်
ရွှံ့ဗွက်ထဲက
ကျွဲမ ... ကျွဲမ'
လက်ဖက်ရည်ဆိုင်ထဲက
ဖိတ်ကျလွှင့်စင်
ဆရာတင်ရဲ့သံစဉ်
ဗီသိုဇင် ... တားနိုင်ပါ့မလားကွယ်။ ။

အောင်ဘည်ဂျို

"အောင်ဘည်ရေ.. မင်းကဗျာဖတ်ရတာ ရေ ဆေးအထူရေးထားတဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ရ သလိုပဲ၊ အရသာရှိပါတယ်။ ပိုက်ကျူး ညနေခင်းဟာ လှပ်ရှားသက်ဝင်နေတယ်"

"ဩော် သွယ်အောင်ရယ် ငါက... ဧရာဝတီမြစ် ဘေး ပိုက်ကျူးမှာနေတဲ့ မန္တလေးသား စစ်စစ်လေကွာ၊ ဒီလောက်တော့ရှိမှာပေါ့။ မင်းရဲ့ လှေကား နှစ်ဆယ့်ရှစ် ထစ် ကဗျာကတော့ မော်ဒန်ပါပဲ။ ငါက အဲလိုတွေ မရေးနိုင်သေးဘူး" ဟု အောင်ဘည်က စကားတွေ တန့်တလျားဖြင့် ပြောနေသည်။

"မင်းကဗျာက ဘဝသရုပ်ဖော်ပေမယ့်၊ မော်ဒန် အရိပ်အရောင်တွေ မြင်နေရတယ်။ မင်းလည်း တစ်ချိန် မော်ဒန်တွေ ရေးလာလိမ့်မယ်လို့ ငါအတတ်ပြောရဲ တယ်"

"သေချာရဲ့လား"

"အသေအချာပေါ့ကွာ၊ ကဲပါ... ဒီနေ့ လက်ဖက်ရည် ငါတိုက်ပါ့မယ်။ ကဗျာစာရွက်တွေ ယူလာတဲ့ အထိမ်းအမှတ်အနေနဲ့ပေါ့"

ထိုနေ့က ကျွန်တော်နှင့် အောင်ဘည် လက် ဖက်ရည်ဆိုင်တွင် ထိုင်ပြီး ကဗျာအကြောင်း ဆက် ဆွေးနွေးဖြစ်သည်။ ဆရာမင်းသစ်မှာ စစ်ကိုင်းဘက် ဆက်သွားသဖြင့် မတွေ့လိုက်ရပေ။ နိုဝင်ဘာလ ကုန်ရက် မရောက်ခင် ၁၉၈၉ နိုဝင်ဘာ ၂၉ ရက် သည် ဆရာမကြီး လူထုဒေါ်အမာ၏ (၇၄)နှစ်ပြည့် မွေးနေ့ဖြစ်သည်။ မွေးနေ့မတိုင်ခင် ရက်စောပြီး ရန်ကုန် အင်းစိန် စာရေးဆရာ၊ ကဗျာဆရာအဖွဲ့နှင့် ဆရာမင်းသစ်လာမည်ဟု အောင်ဘည်က ကျွန်တော့် အား ပြောသည်။ လူထုဒေါ်အမာ မွေးနေ့မတိုင်ခင် ရက်မှာ ရန်ကုန်စာရေးဆရာအဖွဲ့၊ ကဗျာဆရာအဖွဲ့ နှင့် တောင်သမန်တောင်လေးလုံးကျောင်းတွင် ညအိပ်တွေ့ဆုံကြဖို့ အောင်ဘည်နှင့် ကျွန်တော် ကြိုတင်ချိန်းဆိုထားလိုက်သည်။

ရန်ကုန်အင်းစိန်မှ ကဗျာဆရာ မောင်ခိုင်မာ၊ နေဝင်းမြင့်၊ စိုးမြတ်လတ်၊ မောင်တင်ဆင့် အစရှိသူ တို့ မန္တလေးသို့လာကြမည်ဟုသိရသည်။ ဆရာမကြီး လူထုဒေါ်အမာ မွေးနေ့ပွဲမရောက်ခင် ရန်ကုန်အင်းစိန် စာရေးဆရာ၊ ကဗျာဆရာအဖွဲ့ လူစုံတက်စုံရောက်လာ ကြသည်။

ပျဉ်းမနား ဆရာမောင်သင်းခိုင်တို့ မောင်နှမ လည်း ရောက်လာသည်။ အက်ဆေးဆရာ ကြည် နိုင်လည်းပါသည်။ ကိုသင်းမန်နှင့် ကျွန်တော် လူထု တိုက်သို့ သွားရောက်ကာ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက် ဖြစ်သည်။

မန္တလေး၊ ရန်ကုန်၊ အင်းစိန် ပေါင်းစည်းတဲ့ ကဗျာဆရာ စာရေးဆရာတို့ တွေ့ဆုံကြသည့်နေ့ ဟု ဆိုရပေမည်။ ရှေ့တန်းတွင် ညီထွန်းလူ၊ မောင် သင်းပန်၊ ကျွန်တော်(သွယ်အောင်)ထိုင်လျက်၊ အလယ် တန်းတွင် ဆူးငှက်၊ ကိုရိုးကွန်း၊ ကြည်နိုင်၊ လူထု ဒေါ်အမာ၊ မောင်သင်းခိုင်၊ နေဝင်းမြင့်၊ နောက်တန်း တွင် ကျော်စွာထက်၊ စိုးမြင့်လတ်၊ ဝင်းစည်သူ၊ မောင် ခိုင်မာ၊ မင်းသစ်၊ မောင်တင်ဆင့်၊ ပိုင်စိုးဝေ၊ သိုက် ထွန်းသက်၊ ဖုန်းမြင့်(မန္တလေး)တို့ဖြင့် စုပေါင်းဓာတ်ပုံ ရိုက်ကြခြင်း ဖြစ်သည်။

ကျောက်ဆည်မြို့၌ အခြေခံအပင်တစ်သျှူး မျိုးပွားနည်း(၂/၂၀၂၄) သင်တန်းဆင်းပွဲ ကျင်းပ

ကျောက်ဆည် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည့် အခြေခံအပင်တစ်သျှူး မျိုးပွားနည်း(၂/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဇီဝနည်းပညာသုတေသနဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ဥက္ကဋ္ဌကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က သင်တန်းသား၊သင်တန်းသူများ အနေဖြင့် သင်တန်းတွင် သင်ကြားပေးလိုက်သော ပညာရပ်များကို အခြေခံ၍ ရောက်ရှိရာဒေသများတွင် လေ့လာ၍ ဗဟုသုတများရှာဖွေသွားကြရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စာတမ်းပြုစုရေး သင်တန်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းစိုက်ပျိုးရေး နည်းပညာသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သင်တန်းဆင်း အမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော မြဘုရင်နို့ချက်စက်ရုံမှ မန်နေဂျာချုပ် ဦးထွန်းလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသင်းသင်းခွဲ၊ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ထွန်းနှင့် တာဝန်ရှိသူတို့က သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးဖြစ်သည့် ရန်ကုန်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာခွေလွင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်းနှင့် အခြေခံအပင်တစ်သျှူး မျိုးပွားနည်းသင်တန်း ဖွင့်လှစ်ခြင်းအား ဖြင့် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအခန်းကဏ္ဍတွင် အပင်တစ်သျှူး မျိုးပွားနည်းပညာဖြင့် ဒေသနှင့် လိုက်လျောညီထွေသော အပင်များကို ဗီဇတူများရရှိအောင် ပွားများနိုင်သောနည်းလမ်းများ လေ့လာသိရှိစေနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(၄၈၅)

ဖတ်စရာ၊ မှတ်စရာ
ခုံလင်
မြဝတီ

နောက်တစ်ကြိမ်

* အကြိမ်များစွာ
  ကြိုးစားပါလည်း
  အရာမထင် ဖြစ်နေတယ်။
* အကြိမ်များစွာ
  ကြိုးစားပါလည်း
  လိုရာမရောက်
  လမ်းစပျောက်နေတယ်။
* အကြိမ်များစွာ
  ကြိုးစားပါလည်း
  လိုရာဆန္ဒ
  မပြည့်ဝခဲ့ပါ။
* ဒီအတွက်
  စိတ်ပျက်အားပြတ်
  စိတ်ဓာတ်ကျဆင်း
  အောင်မြင်ခြင်းတွေ
  ဝေးနေပြီလား။
* မလျှော့ငွဲနဲ့
  လဲနေရာက
  နိုးထရှင်သန်
  တစ်ဖန်လှုပ်ရှား
  ဆက်ကြိုးစားရင်
  လိုအင်ဆန္ဒ မှန်သမျှတွေ
  ပြည့်ဝလာမယ် သူငယ်ချင်း။ ။

ချမ်းမြေ့မိုး(မန္တလေး)

FDA လျှောက်ထားချက်များနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေး

စစ်ကိုင်း ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကြီးမှူး၍ စစ်ကိုင်းမြို့ရှိ စားသောက်ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ FDA လျှောက်ထားချက်များနှင့်ပတ်သက်ပြီး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းခရိုင်စားသုံးသူရေးရာဦးစီးဌာနခွဲ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိက အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု၊ စျေးကွက်မတင်မီ စိစစ်ခြင်း၊အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်စိစစ်ခြင်း၊ အမှတ်တံဆိပ်တွင် မဖြစ်မနေဖော်ပြရမည့် အချက်များ၊ အဆောက်အအုံမြေနေရာများနှင့် သက်ဆိုင်သော အချက်အလက်များ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော အချက်အလက်များ၊ ပူးတွဲပေးပို့သော စာရွက်စာတမ်းများ၊လျှောက်ထားမှုများအား စိစစ်ခြင်းနှင့် ဆက်သွယ်ရမည့် လိပ်စာများကို အသေးစိတ် ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်စားသုံးသူရေးရာဦးစီးဌာနခရိုင်ဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးအတွက် စားသုံးသူများ၏ အခွင့်အရေးများ၊ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ တာဝန်များ၊ ဥပဒေ/နည်းဥပဒေများ၊စည်းကမ်းဥပဒေလိုက်နာခြင်း ယျက်ကွက်ပါကကျခံရမည့် ပြစ်မှုများအကြောင်းကို ဆွေးနွေးပြောကြားပြီးလုပ်ငန်းရှင်များက မရှင်းလင်းသည်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)

––*–*–*

လူထုအခြေပြုပဟိုဌာန (Community Centre) ခန်းမ၌ စာဖတ်ပိုင်း ကျင်းပ

မိုင်းပန် ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန၊လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနရုံးတွင်း ဝန်ထမ်းများနှင့် ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ စာအုပ်စာဖတ်ပိုင်းကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က ရုံးတွင်းဝန်ထမ်းများ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြဋ္ဌာန်းထားသည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ သိရှိနားလည်သဘောပေါက်စေရန်အတွက် စာဖတ်ပိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရေးသားပြုစုထားသည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ် အခန်း(၄)ပါ ရာထူးတိုးမြှင့်ခြင်း နှင့် အခန်း(၈)ပါ ခွင့်ခံစားခြင်း စသည့်ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
မြို့နယ်(ပြန်/ဆက်)

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်သစ်ပင်ရံမှ သဏ္ဌာန်လှပ ပန်ရလိမ့်။

သတင်းပဒေသာ

စာပတ်ရိုနိုမြို့တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းအခြေပြု စာပတ်ရိုနိုမြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၆၀)နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်း အစီအစဉ်အဖြစ် ဆီးချို၊ သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါ၊ အမြင်အာရုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံတွင် အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာတိုပုံပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာတိုပုံပြပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနံပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည် ကျောင်းအခြေပြု အသက်(၅)နှစ်ပြည့်ပြီး (၇)နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့နာရောဂါနှင့် မေးခိုင်ရောဂါ (DT) ကာကွယ်ဆေးထိုးနှံခြင်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းက စုရုပ်ကျောင်းများဖြစ်သော မူလွန်(ဆိုင်းဖယ်)နှင့် အ.လ.က(ခွဲ) နမ့်စလိုင်ကျောင်းများသို့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူထုအခြေပြုဗဟိုဌာနတွင် ဥဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဥဏ်စမ်းပဟေဠိပြိုင်ပွဲကို ဘောင်တွင်းကြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၂၂)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားတော်နာအခမ်းအနားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

စဉ့်ကိုင် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာရှိ ကျောက်ဆည်တက္ကသိုလ်၌ (၂၂)နှစ်မြောက် ကျောင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားတော်နာ အခမ်းအနားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို အဆိုပါတက္ကသိုလ်ရှိ ဓမ္မာရုံတော်အတွင်း၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦး၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာနီနီယဉ်နှင့် ပါမောက္ခများ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြား၊ စီမံဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း လူဦးရေ ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ပထမပိုင်း အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ စတင်ဖွင့်လှစ်ခဲ့ပြီး ပါမောက္ခချုပ်နှင့် တရားနာပရိသတ်များက ဘဒ္ဒန္တဝေပုလ္လ (ပဓေန နာယက)၊ အဂ္ဂမဟာသဒ္ဓမ္မဓောတိကဓဇ၊ မဟာသဒ္ဓမ္မဓောတိကဓဇ၊ မြို့နယ်ဩဝါဒစရိယ၊ ရွှေကျီးနားဆရာတော်ထံမှ ငါးပါးသီလ ခံယူခဲ့ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာများထံသို့ ဝိဇ္ဇိကတ်တော်စာအုပ်များ၊ သပိတ်၊ သင်္ကန်းများ၊ စာရေးကိရိယာများ၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၆၃,၀၁၂ အား ပါမောက္ခချုပ်ဆရာမကြီးနှင့် ဆရာကြီး၊ ဆရာမကြီးမှ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းနှင့် ထိုသို့ လှူဒါန်းမှုအစုစုတို့ကို နတ်၊ လူ သာဓုခေါ်ဆိုမှိုင်ရန် ရေစက်သွန်းချ တရားတော်နာယူကြည်ညိုခဲ့ကြပြီး ပထမပိုင်းအစီအစဉ်အား ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုပြီး ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောက်ဆည်တက္ကသိုလ် ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူ ၃ ဦးအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းနှင့် အချို ပွဲအာဟာရဒါနများကို ဆက်ကပ်ခဲ့ကြပြီး တက်ရောက်လာကြသော ဧည့်သည်တော်များအား အာဟာရဒါနများဖြင့် စုံလင်စွာ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(၃၉၉)

––*–*–*

ဖောင်တော်ဦးဘုရား (၅)ဆူ ရွှေထီးတော်တင်လှူဒါန်းပွဲ မွေးနေ့ပွဲ ကျင်းပ

မြစ်သား ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ လောင်းတောင်ဦးကျေးရွာ သာသနာပြု မင်းမြတ်အနော်ရထာ၏ ကိုးတွင်းကိုးခရိုင်မူလမဏ္ဍိုင် ဖောင်တော်ဦးဘုရား (၅)ဆူ ရွှေထီးတော်တင်လှူပွဲနှင့် ဘုရားဒါယကာကြီး ဦးဆန်းဝင်း မွေးနေ့ မင်္ဂလာအခမ်းအနားကို ဇွန် ၂၁ ရက် နယုန့်လပြည့်နေ့ နံနက် ၇ နာရီကကျင်းပရာ မြစ်သားမြို့မင်းကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အတိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဓောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဝေဠုရိကနှင့် ပင့်သံဃာတော် ၅၇ ပါး ကြွရောက်တော်မူသည်။

အဓိအစဉ်အရ မင်္ဂလာအချိန် ၇ နာရီ ၂၀ မိနစ်တွင် ဖောင်တော်ဦးဘုရား ၅ ဆူကို ရွှေထီးတော်၊ စိန်ဖူးတော်အား တစ်ပြိုင်နက် တင်လှူပူဇော်ကြပြီး သံဃာတော် (၅၇)ပါးက အနေကဓာတင်လှူပူဇော်ကြသည်။ ဆက်လက်၍ မြစ်သားမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဒေါက်တာဘဒ္ဒန္တဝေဠုရိကထံမှ ဘုရားဒါယကာကြီး ဦးဆန်းဝင်းနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချ အမျှဝေကြသည်။

အဆိုပါ စေတီ ၅ ဆူမှာ ရွှေတိဂုံစေတီတော်၊ ရွှေစည်းခုံ စေတီတော်၊ အင်းဝစေတီတော်၊ အောင်ရှုစ်ဖြာစေတီတော်၊ ဓာတ်ပေါင်းစုံစေတီတော်များ ဖြစ်သည်။ စေတီတော်များ၏ အရွယ်အစားမှာ ဉာဏ်တော် ၅၄ တောင် စီရှိကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(၀၉၁)

ရာသက်ပန် ဆွမ်းပဒေသာပင်စိုက်ထူ

မန္တလေး ဇွန် ၂၂

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်းပြုလုပ်ရာ ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား အရာဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝဂ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောနာတရား ဟောကြားချီးမြှင့်ပြီး အလှူရှင်များဖြစ်ကြသော တရားလွတ်တော်ရှေ့နေကြီး ဦးစိန်ရွှေအား ရည်စူး၍ ဇီးဒေါ်စန်းစန်း၏(ဆောက်လုပ်ရေး-ပြင်ဆင်)မိဘဂုဏ်ရည် သားသမီးမြေးတစ်စုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၃၅ သိန်းကို လှူဒါန်းရာ ဥပဇ္ဈာမှကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)(၀၃၆)

ခေတ်အဆက်ဆက် မုဒြာဟန်များနှင့် ဗုဒ္ဓရုပ်ပွားတော်များ

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားမှုနှင့်အတူ မြတ်စွာဘုရားရှင်၏ကိုယ်စား ကိုးကွယ်ရသော တစ်နည်းအားဖြင့် ဘုရားရှင်အား သက်တော်ထင်ရှား ဖူးတွေ့ခွင့်ရသကဲ့သို့ ဗုဒ္ဓဘာသာနွယ်ဝင်များတို့၏ ရင်မှာအေးချမ်းကြည်နူးမှုကို ဖြစ်စေသော ဗုဒ္ဓရုပ်ပွားတော်များ အထူးများပြားလျက်ရှိသည်ကို တွေ့ရသည်။

'မြန်မာအစ တကောင်းက' ဟုဆိုကြသော မြန်မာလူမျိုးဟူ၍ ဖြစ်တည်လာစအချိန်မှစ၍ ခေတ်အားဖြင့် ပျုံခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ် စသည်ဖြင့် ထို့နောက်တွင် အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟူ၍ ဖြစ်တည်ခဲ့သည်။ ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် အမရပူရခေတ်နှင့် ရတနာပုံခေတ်တို့ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံနည်းတူ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများတွင်လည်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုဆစ်သွန်းလုပ်ပူဇော်ကိုးကွယ်ကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင်ရှိသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်မြင်တွေ့ရမှုများနေပြီဖြစ်၍ အခြားသော ဗုဒ္ဓဘာသာနိုင်ငံများရှိ ရုပ်ပွားတော်များကို ဖူးတွေ့ရသည်မှာ ထိုနိုင်ငံများ၏ ဒေသအစွဲနှင့် မူကွဲရှိကြသည်ကိုလည်း နှိုင်းယှဉ်လေ့လာ တွေ့မြင်ရသည်။ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့တွင်ရှိသော ဗုဒ္ဓရုပ်ပွားတော်များမှာ မြန်မာနိုင်ငံတွင်ရှိသော ဗုဒ္ဓရုပ်ပွားတော်များနှင့် မတူကွဲပြားသည်ကို တွေ့မြင်ရ၍ မြန်မာတို့၏ သမိုင်းစဉ်ဆက်အဆက်ဆက် သွန်းလုပ်တည်ထားခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်များ၏ မုဒြာဟန်များပုံစံများ ဆင်တူယိုးမှားနီးစပ်စွာ ပြောင်းလဲလာကြပုံများကို တွေ့ရသည်။ မုဒြာဟန်များမှာ အမျိုးအမည်အားဖြင့် ၁၀၀ ကျော်ရှိသောကြောင့် အားလုံးကို အကျယ်တဝင့် အသေးစိတ် မဖော်ပြနိုင်ပါ။

မြန်မာနိုင်ငံတွင်ရှိသော ဗုဒ္ဓရုပ်ပွားတော်များ ထုဆစ်သွန်းလုပ်ကြရာတွင် အဓိကအားဖြင့် မြတ်စွာဘုရားရှင်၏ကိုယ်စား ကိုးကွယ်ကြရသော ရုပ်ပွားတော်များဖြစ်သည်နှင့်အညီ အမှန်တကယ် ဘုရားရှင်၏ အဆင်းတော်ကဲ့သို့ပင် ကြည်ညိုသပ္ပာယ်စရာကောင်းအောင် မျက်နှာတော်ကို ပုံဖော်ပြလုပ်ကြရာ၌ (၁)လောဘကင်းခြင်း၊ (၂)ဒေါသကင်းခြင်း၊ (၃)မောဟကင်းခြင်း၊ (၄)ကိလေသာကင်းခြင်းတို့နှင့်ဖြစ်တည်နေသော ရုပ်အသွင်ကိုလည်း ပေါ်လွင်စေရန် ပြုလုပ်ကြရသည်။

ထို့ပြင် ဘုရားရှင်၏ ထူးခြားသော လက္ခဏာတော်ကြီးငယ်များကို လေ့လာ၍ မျက်နှာတော်၊ လက်မောင်းတော်၊ ရင်ဘတ်တော်၊ လက်ဖဝါးတော်၊ ခြေဖဝါးတော် အစရှိသည်တို့ကို ပြည့်ပြည့်ဖြိုးဖြိုးလုံးလုံးဝန်းဝန်းနှင့် ကြည်ညိုဖွယ်ရာ အသွင်ဖြစ်အောင် ပုံဖော်ထုဆစ်ပြုလုပ်ကြရသည်။

ဗုဒ္ဓရုပ်ပွားတော်များကို ပုံဖော်ကြရာတွင် များသောအားဖြင့် တင်ပျဉ်ခွေထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ စသည်ဖြင့် ပုံစံအမျိုးမျိုး၊ မုဒြာဟန်(လက်တော်အနေအထား)အစုံစုံနှင့် တွေ့မြင်ရသည်။ ပျုံခေတ်၊ ပုဂံခေတ် စသည့်ခေတ်များဆီမှ မြန်မာတို့၏လက်ရာ ဗုဒ္ဓရုပ်ပွားတော်များသည် နှစ်ပေါင်းရာထောင်ချီမက မျက်မှောက်ခေတ်အထိ ဖူးတွေ့မြင်ရသောကြောင့် အချိုးအစားမှန်ကန်စေမူ၊ ကြည်ညိုသပ္ပါယ်စရာဖြစ်မူ၊ ခေတ်များပြောင်းလဲလာမှုနှင့် တစ်ခေတ်နှင့်တစ်ခေတ် မူကွဲလာသော ဆင်တူယိုမှား ရုပ်ပွားတော်များကို ဤသို့ လေ့လာနိုင်းယှဉ်တွေ့ရှိခဲ့ရသည်။

ပျုံခေတ်ဖြစ်သော (အေဒီ ၁ ရာစုမှ အေဒီ ၉ ရာစု)အထိ ရှည်ကြာတည်တံ့ခဲ့သော နှစ်များစွာ အတွင်းတွင် ပျုံခေတ်ဗုဒ္ဓရုပ်ပွားတော်များမှာ ရာစုတစ်ခုနှင့်တစ်ခုတွင်ပင် လက်ရာများ မသိမသာ ပြောင်းလဲလာသည်ကိုလည်း ဓာတ်ပုံမှတ်တမ်းများနှင့် ပြတိုက်များအတွင်း ထားရှိသော ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုတွေ့မြင်နိုင်သည်။

ဖြန်မာနိုင်ငံ ပျုံစုဒ္ဓဆင်းတုတော် (ခေတ်ဒီ ၇ ရာစု)
PYU BUDDHA STATUE from MYANMAR (7th ... A.D.)

ပျုံခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များမှာ ရိုးရိုးအထိုင်ပုံစံရှိသကဲ့သို့ ပလ္လင်ခုံမြင့်သော အထိုင်ပုံတွင် ခြေနှစ်ဖက်ချထားသော ပုံစံကို တွေ့မြင်ရသည်။ လက်တော်အနေအထားမှာ ဘယ်လက်ဖြန့်ညာလက်ကာဖြင့် ဘေးဘယာဝေးကွာ၍ အန္တရာယ်မရှိစေလိုသောဟန်ကို ဖော်ညွှန်းသည်။ ပျုံခေတ်လက်ရာတွင် ရုပ်ပွားတော်များမှာ မှန်ကင်းတော်မပါရှိပေ။ မဏိတော်မှာ ကြီးမား၍ ပြားပြားဖြစ်သည်။ (အေဒီ ၇ ရာစု) သရေခေတ္တရာ ပျုံခေတ်လက်ရာတွင် သင်္ကန်းတော် ပါးကပ်ကပ်သာ ပုံဖော်ထားသည်ကို တွေ့ရသည်။

နားတော်မှာ ပခုံးတော်နှင့် မထိပေ။ လက်တော်နှစ်ဖက်ကို မြှောက်ထားပြီး ဘယ်ဘက်လက်သည် ဆုပ်ထားဟန် ပြုထားကာ လက်ခလယ်နှင့်လက်မ ထိစပ်ထားသည်။ ညာလက်ကို ဖြန့်သယောင်ပြုပြီး လက်ခလယ်ကို အတွင်းသို့ကွေး၍ လက်မနှင့်ထိကပ်ထားသည်။ လက်ဖဝါးနှင့်ခြေဖဝါးတော်တို့တွင် လက်ခဏာကဲ့သို့ စက်ဝိုင်းများဖြင့် ဖော်ပြထားသည်။ ဘယ်ခြေကို ညာခြေအောက်တွင် ထိုးထားသည်။

ပုဂံခေတ်ဖြစ်သော အေဒီ ၁၁ ရာစုမှ အေဒီ ၁၃ ရာစုအထိ ပုဂံခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်များကို လေ့လာကြည့်ရာတွင် မဏိတော်မှာ သေးလုံး၍ မြင့်သည်။ မှန်ကင်းတော်ပါရှိလာသည်။ မှန်ကင်းတော်မှာ ဦးခေါင်းတော်၏ နောက်ဖက်ပိုင်းတွင်ကျသည်။ သေး၍ပြားပြီး ညောင်ရွက်ပုံ၊ ကြာပုံဖော်ထားသည်။ ကျောက်မြွှပ်နှံရန် ချိုင့်အခွက်ပါရှိသည်။ ဆံတော်သည် ရှေ့တည့်တည့်မှကြည့်လျှင် ကကြီးပုံသဏ္ဌာန်တွေ့ရသည်။ ဆံတော်ထိပ်အနားကွပ်ကို ရွှေနန်းကြိုးသေးသေးမျှင်မျှင် ပန်းထိမ်အတတ်ဖြင့် ထည့်သွင်းမြှုပ်နှံထားသည်။ နှုတ်ခမ်းတော်တွင် ရွှေမိုးကြိုးအနီရောင် ထည့်ထားသည်။ နှာခေါင်းတော်ရှည်၍ နှာတံကောက်သည်။ (အိန္ဒိယဟန်)မျက်ခုံးတော်နှစ်ဖက်မှာ စင်ရော်ငှက်ပုံနေသကဲ့သို့နှင့်တူသည်။ လက်သည်းတော်၊ ခြေသည်းတော်များကို မူလကြေးသားနှင့်မတူသော ဘော်ဒွေအဖြူရောင်ဖြင့် ထည့်သွင်းထားသည်။ ရုပ်ပွားတော်၏ နောက်ကျောတွင် ကွင်းပါသော ငုတ်တိုင်တစ်ခုပါရှိသည်။

မုဒြာဟန်မှာ ထိုင်တော်မူပုံများတွင် များသောအားဖြင့် ဘူမိဖဿ မုဒြာများသာ တွေ့ရသည်။ သဲကျောက်ကို ထွင်းထုထားသော ရုပ်ပွားတော်များတွင် လက်တော်အနေအထား အမျိုးမျိုး ပြောင်းလဲထုဆစ်ထားသော်လည်း သဲကျောက်ဖြစ်သဖြင့် မကျိုးပဲ့နိုင်စေရန် ထိကပ်ထားသည်။

ပုဂံခေတ်ကြေးသွန်းရုပ်ပွားတော်မှန်သမျှ နားတော်နှင့် ပခုံးတော်ထိစပ်မှုမရှိဘဲ လွှတ်ထားသည်။ မတ်ရပ်ပုံစံများတွင် ဆွဲမ်းခံကြွဟန်၊ စကြဲလျှောက်ဟန်ပုံစံများလည်း တွေ့ရှိနိုင်ပြီး ကြေးနီရောင်(လောဟာ)ရုပ်ပွားတော်များကို အဘယလာဘ မုဒြာဟန်၊ ဓမ္မစက္ကမုဒြာဟန်နှင့် စုာနမုဒြာဟန်ရှိသော မုဒြာဟန်မတူဘဲ ကွဲလွဲမှုများကိုလည်း တွေ့ရသည်။

အင်းဝခေတ်ရုပ်ပွားတော်များတွင် မှန်ကင်းတော်မှာ လုံးဝန်းသည်။ ကြာဖူးပုံသဏ္ဌာန်၊ ကြက်သွန်ဥပုံသဏ္ဌာန် ဖော်ပြပါရှိတတ်သည်။ မဏိတော်မှာ ကြီးသော်လည်း နိမ့်ပြားပြားဖြစ်သည်။ နဖူးတော်ကျယ်သည်။ မျက်ခုံးတော်နှင့် မျက်လုံးတော် ဝေးကွာပြီး နှုတ်ခမ်းတော်မှာ ပြုံးဟန်ရှိသည်။ အင်းဝခေတ်လက်ရာများတွင် ဘယ်လက်ထဲ၌ အမြိုက်အိုး(သို့မဟုတ်)သပိတ်ပိုက်ထားပုံ တွေ့ရသည်။ စကျင်ကျောက်ဆင်းတုများတွင် လက်ယာဘက်လက်တော်မှာ ရင်ဘတ်တော်နှင့်ထိကပ်ထားပြီး ကရဏာမုဒြာဟန်မျိုးနှင့် အများဆုံးတွေ့ရှိရပါသည်။ အင်းဝခေတ်လက်ရာကြေးသွန်းရုပ်ပွားတော်များတွင်

ဖြန်မာနိုင်ငံ အမရပူရဆင်းတုတော် (ခေတ် ၁၈ ရာစု)
AMARAPURA BUDDHA STATUE from MYANMAR (18th Cen. A.D.)

အထိုင်ပုံမှာ ပလ္လင်ပါး၊ ပလ္လင်မြင့်ပုံစံများလည်း တွေ့မြင်နိုင်သည်။

အမရပူရခေတ်တွင် အင်းဝခေတ်ရုပ်ပွားတော်များနှင့်မတူ၊ တစ်မူထူးခြားလာ၍ မြန်မာ့မူဟန်ရုပ်ပုံစံပေါ်လာသည်။ မှန်ကင်းတော်မှာ ရှည်မျောမျောနှင့် ထိပ်တွင်လုံးထားသည်။ မဏိတော်ဘေးပြားကြီးထားသည်။ မျက်နှာတော်သွယ်လုံးသည်။ သစ်သားရုပ်ပွားတော်များ၏ သင်္ကန်းများကို သစ်စေး၊ သရိုးတို့ဖြင့် မွမ်းမံထားပြီး ကျောက်စိမ်သရိုးပန်းဖော်ရုပ်ပွားတော်များကို အများအားဖြင့် တွေ့ရသည်။ မန္တလေးတောင်ခြေရှိ စန္ဒာမုနိသံသွန်းရုပ်ပွားတော်နှင့် ဈေးချိုတောင်ဘက်ရှိ မဟာသကျသီဟကြေးဆင်းတုတော်များသည် အမရပူရခေတ်လက်ရာများဖြစ်ပေသည်။

သက္ကရာဇ် ၁၂၂၁ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ ရတနာပုံခေတ်ဟု သတ်မှတ်ကြသည်။ ရတနာပုံခေတ်လက်ရာ ရုပ်ပွားတော်များကို ဗောဓိရိုးဘုရားဟု ခေါ်သည်။ စမ္မခဏ်(ပလ္လင်)အပါးနှင့်ပြုလုပ်ကြသကဲ့သို့ အမြင့်နှင့်လည်း ပုံဖော်ကြသည်။ ခါးရှည်၍ ကိုယ်လုံးတုတ်ခိုင်ပြီး သင်္ကန်းတော်အတွန့်အခေါက် အလိမ်များနှင့် အထပ်များသည် မျက်နှာတော်သွယ်၍ မေးချွန်သည်၊ နားရွက်သည်၊ နှုတ်ခမ်းတော်ထူသည်။ မျက်လုံးတော်မှာ ကျေးမင်းရေသောက်နေဟန်သဏ္ဌာန်ရှိသည်၊ သင်းကျစ်တော်ပြားထည့်သွင်းပုံဖော်ကြသည်။ မုဒြာဟန်မှာ ဘူမိဖဿ မုဒြာဟန်ဖြစ်သည်။

သို့ဖြစ်၍ ပျုံခေတ်မှသည် ယနေ့တိုင် ခေတ်အဆက်ဆက်ပြောင်းလဲလာခဲ့သော ယဉ်ကျေးမှုလက်ရာ သမိုင်းအချက်အလက်များနှင့် ခေတ်အဆက်ဆက်တွင် ထုဆစ်သွင်းလုပ်ပူဇော်ခဲ့ကြသော ရုပ်ပွားတော်များ၏ပုံစံ၊ ဖွဲ့စည်းပုံအချိုး၊ သင်္ကန်းတော်၊ မျက်နှာတော် စသည်တို့နှင့် လက်တော်အနေအထား(မုဒြာဟန်)များ ပြောင်းလဲလာပုံများကို နှိုင်းယှဉ်လေ့လာဆည်းပူး၍ ဉာဏ်မီသမျှ ဗဟုသုတအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ဦးနေဝင်း
ဗန္ဓုလ(ကြေးသွန်း)

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှုနိုန်မြှင့်တင်ရေး ဆောင်ရွက်

ကန့်ဘလူ ၆ နိုန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၉နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ထာဝရ ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို အ.ထ.က (၂) ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ် တိုက် စာကြည့်တိုက်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ ကန့်ဘလူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဆန်းလင်းက အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် 'စာပဒေသာ ဝေဆာစေမည်' Video Clip အား ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊အလှူရှင်များ၊လူမှုရေးအဖွဲ့အစည်းများမှ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက်များအတွက် အလှူငွေနှင့်စာအုပ်များ လှူဒါန်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှု၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊စကားပုံဆက်ပြိုင်ပွဲနှင့် စာဖတ်ပိုင်းပြိုင်ပွဲများကို ကြည့်ရှုအားပေးခြင်း ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှံရုံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်းနှင့် အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဆန်းလင်းနှင့် အဖွဲ့ဝင်များမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့်အဖွဲ့ဝင်များ၊စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုန်မြှင့်တင်ရေးလှုပ်ရှားမှုကော်မတီဝင်များ၊ ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အခြားဖိတ်ကြားထားသူများနှင့် အ.ထ.က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းသန်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝံပုံ)**

(၄၈၀)

ရွာငံမြို့နယ်တွင် ရပ်ရွာအခြေပြု စက်ချုပ်သင်တန်းဖွင့်လှစ်

ရွာငံ ၆ နိုန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ အိမ်တွင်းမှုပညာရပ်များဖြစ်လာပြီး မိမိကိုယ်တိုင်ရပ်တည်နေထိုင်ကာ အမျိုးသား၊အမျိုးသမီးများမိသားစုအိမ်တွင်း တစ်နိုင်စီးပွားပြန်ဝင်ရန် ရည်ရွယ်ပြီး အိမ်တွင်းမှုသက်မွေးပညာရပ်များတတ်မြောက်စေရန် ရပ်ရွာအခြေပြုစက်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရွာငံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မိုးဖြူက အမျိုးသမီးများရဲ့ အသက်မွေးဝမ်းကျောင်းမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း အလုပ်အကိုင်ရရှိရေးအတွက် ရွာငံမြို့နယ်အနေဖြင့် အိမ်တွင်းမှုကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ဒေသတွင်း အမျိုးသမီးများအနေဖြင့် စက်ချုပ်သင်တန်း၊ ပန်းအလှပြင်သင်တန်း၊ မုန့်မျိုးစုံသင်တန်း၊ ပလတ်စတစ်ကြိုးခြင်းရက်နည်းသင်တန်း၊ ရစ်ပန်းထိုးအစရှိသည့် သင်တန်းများကို နှစ်စဉ်သင်တန်းသူ ၁၀၀ကို အိမ်တွင်းမှုဘာသာရပ် ၁၁ မျိုးဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် မိသားစုအုပ်ဝင်ငွေတိုးရရှိပါကြောင်းနှင့် အခြေခံသင်တန်းမှစ၍ အဆင့်မြင့်သင်တန်း၊ အထူးသင်တန်း၊ဒီဇိုင်းပညာသင်တန်းကျွမ်းကျင်အဆင့်အထိ တက်ရောက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် သုံးလွှာစကတ်၊ လေးလွှာစကတ်၊ ချိတ်ထဘီ၊ ဘောင်းဘီရှည်၊ရင်စေ့လည်ပိုင်း၊ နောက်ကွဲစစ်ပျောက်၊ ရင်ဖုံး၊သင်္ဘောသားအင်္ကျီများကို ဘာသာရပ် ရှစ်မျိုးဖြင့် ၆နှစ် ၁၄ ရက်မှ ဇူလိုင် ၇ရက်အထိ စာတွေ့၊လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၃၈)

ပုသိမ်ကြီးမြို့နယ်အတွင်းနေထိုင်သူများ အတည်ပြုလှည့်ဦးရေစာရင်း မှန်ကန်ရေး ပူးပေါင်းဆောင်ရွက်

မန္တလေး ၆ နိုန် ၂၂

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမအတွင်း၌ ၆နှစ် ၂၁ ရက်မွန်းလွဲ ၂ နာရီက ပုသိမ်ကြီးမြို့နယ်အတွင်းနေထိုင်သူများအား အတည်ပြုထားသည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် စတုတ္ထအကြိမ်(မူကြမ်း)ပူးပေါင်းစစ်ဆေးမှုများ ပြုလုပ်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနမှဝန်ထမ်းများ၊ မြို့နယ်လုပ်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများက ကွန်ပျူတာများဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(ယာပုံ) (၀၉၁)**

မန္တလေးဈေးကွက်အတွင်း ခရမ်းချဉ်သီးဈေးနှုန်းကောင်းများရရှိနေ

မန္တလေး ၆ နိုန် ၂၂

တောင်ပေါ်ဒေသများမှဝင်ရောက်သော ခရမ်းချဉ်သီးများမှာ ပြည်ပနိုင်ငံဝယ်ယူမှုရှိခြင်း၊ ပြည်တွင်းဝယ်ယူမှု ကောင်းမွန်ခြင်းတို့ကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းကောင်းများရရှိနေကြောင်း သိရှိမာလာလက်ကား ဈေးအတွင်းရှိ ပွဲရုံများထံက သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နယ်မှ ထွက်ရှိသော ခရမ်းချဉ်သီးများမှာ လက်ကား ဈေးနှုန်း ထိပ်စတစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ ကျော်၊ ရိုးရိုး ငွေကျပ် ၃၇၀၀ အထိဈေးနှုန်းရရှိပြီး လက်လီဈေးကွက်အတွင်း တစ်ပိသာလျှင် ငွေကျပ် ၆၀၀၀ ဝန်းကျင်ခန့်အထိ ရှိနေကြောင်း သိရသည်။

နယ်ပယ်ပေါင်းစုံက ခရမ်းချဉ်သီးက မထွက်သေးတဲ့အချိန်လည်းဖြစ် ပြည်ပနိုင်ငံတွေကိုလည်း တင်ပို့မှုလည်းရှိနေတော့ ဈေးနှုန်းတွေက ကောင်းနေတာဖြစ်ပါတယ်၊ ဒီဈေးနှုန်းဆိုတော့ တောင်သူတွေအတွက် အဆင်ပြေပါတယ်၊ မကြာမီမှာတော့ ခရမ်းချဉ်သီးတွေ ထွက်လာမှာဖြစ်တဲ့အတွက် ဈေးကတော့ ဆက်တက်ဖို့ မရှိနိုင်ဘူးဟု အဆိုပါဈေးအတွင်းရှိ ပွဲရုံပိုင်ရှင် ဦးအောင်ကပြောသည်။

လက်ရှိတွင် ခရမ်းချဉ်သီးအား ထိုင်းနိုင်ငံလိုအပ်ချက်အရ ဝယ်ယူမှုများပြားလျက်ရှိပြီး ပြည်တွင်းကုန်သည်များထံတွင် လက်ကျန်အရေအတွက်များများမရှိကြသေးကြောင်း၊ မကြာမီတွင် ခရမ်းချဉ်သီးများ နယ်ပယ်ပေါင်းစုံမှ ထွက်ရှိလာတော့မည်ဖြစ်သည်။

ခရမ်းချဉ်သီးအား မိုးရေချိန်အသင့်အတင့်ရရှိသောဒေသများတွင် စိုက်ပျိုးသင့်ပြီး မိုးရေချိန်များသောဒေသများတွင် စိုက်ပျိုးလျှင် ပိုးမွှားကျရောက်ခြင်း၊ ပေါင်းမြက်ထူ၍ ရေဝပ်ခြင်းများဖြစ်ပေါ်တတ်ပြီး အထွက်နှုန်းလျော့ကျတတ်ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၈)

မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

အမရပူရ ၆ နိုန် ၂၂

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကို မန္တလေးအမရပူရမြို့နယ် လေးစုရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အမရအောင်ခြေခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဦးစွာ အ.ထ.က.၁ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်း(မဘိမံး)မြို့နယ်က မိမိတို့ဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်တင်တင်လှကလေးငယ်များ အသိပညာဗဟုသုတရရှိစေရေးဥာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန် ရည်ရွယ်၍ ယခုလို ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများအကြောင်းကို ဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ကျောင်းသား၊ကျောင်းသူများက ခန်းမအတွင်း ပြသထားသော သုတ၊ရသစာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

စိုးသီဟ(အမရ)

--*-*-*

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈-၇)၊ ဦးပိုင်အမှတ်(၁၁၄-ခ)၊ ဧရိယာ(၁၅၀×၄၅၀)အကျယ်အဝန်းရှိ ဒေါ်နုရဲရီ အမည်ဖြင့်ချထားပေးသော အနောက်ဘက်မျက်နှာပြုမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သည့် ဒေါ်နုနုခင်(ဘ)ဦးကာလု(၉/မရတ(နိုင်)၀၁၂၁၉၉)နှင့် ဦးစောဝင်း(ဘ)ဦးစိန်မောင်တို့က ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်ညွှန့်စိန် (LL.B)
တရားလွှတ်တော်ရှေ့နေ
မဟာနွယ်စဉ်ရပ်၊ မဟာဗြဲငှက်(၁)ရပ်ကွက်၊ ၆၉–အေလမ်း၊
၃၇လမ်းနှင့်၃၈လမ်းကြား၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၀၉–၂၅၆၃၆၁၀၁၊ ၀၉–၄၄၁၀ ၂၇၃၀၉

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်အင်ခွန်ဆိုင်းတောင်အမည်ပေါက်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိအမွေဆက်ခံခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖော်ဂျဲဆွတ်စော(မ်)အောင်(ဘ)ဦးနော်လွတ်(၉/ပဥလ(နိုင်)၀၃၀၉၇၆)ဦးဂျောနော်အောင်(ဘ)ဦးနော်လွတ် (၉/ပဥလ(နိုင်)၀၃၇၄၈၉)၊ ဦးလှအောင်(ဘ)ဦးနော်လွတ်(၉/ပဥလ(နိုင်)၀၄၆၁၈၁)ထံမှ ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား(မူရင်း)တို့ဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်ချစ်အိခိုင်(ဥပဒေတွဲ့)
အထက်တန်းရှေ့နေ
ဖုန်း ၀၉–၄၀၂၅၇၈၀၀၀၊ ၀၉–၇၉၁ ၂၃၄၆၆၆၊ ၀၉–၂၆၁၀၀ ၂၃၀၀

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၁)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိမြေကွက်မှာ "ဦးဝင်းလှိုင်"အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ၄င်းမြေကွက်ထဲမှ တောင်ဘက်ခြမ်း(၁၅၀ ×၅၀ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်း ကင်းစွာဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်သိဂီဦး(ဘ)ဦးဘတင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ဝေ (LL.B)
(တရားလွှတ်တော်ရှေ့နေ)
၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၄၀၀၄၆၁၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂ ၊ ၀၉–၇၉၄၉၄၄၁၂

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိမြေကွက်မှာ "ဗိုလ်မှူးခင်မောင်ကြူး"အမည်ပေါက်(ဂရန်)မြေကွက်ဖြစ်ပါသည်။ ၄င်းမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၆၁၀ ×၆၀ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်း ကင်းစွာဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် "ဒေါ်သန်းသန်းဝင်း(ဘ)ဦးခင်မောင်"ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့်မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ဝေ (LL.B)
(တရားလွှတ်တော်ရှေ့နေ)
၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၄၀၀၄၆၁၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂ ၊ ၀၉–၇၉၄၉၄၄၁၂

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိသော ဦးကျော်စိုး(ဘ)ဦးရီ(AE-၂၂၇၄၅၀)ဂရန်အမူတွဲအမှတ်(၂၉၁၅/၉၂-၉၃)အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ+နိုင်ကြီ ကိုယ်စားလှယ် ပါဝါများဖြင့် တရားဝင်ဝယ်ယူကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဖြစ်သော ဦးအောင်မျိုး(ဘ)ဦးတွမ်ရင်ဖုန် (၁၃/လရန(နိုင်)၂၁၇၇၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်စာခြည်ခိုင် (တရားလွှတ်တော်ရှေ့နေ)
(LL.B) (DBL) (PGDE)
၄/ ၂(၁၇)၊ ၎ရွှေ၀၊လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ အမှတ်(၃)ရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၂၆၅၂၀ ၊ ၀၉–၅၁၈၇၆၈၅

မြေပုံ/မြေရာဇဝင်ရုးကူးခွင့် — ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့်တင်ပြရန်

စဉ်	လျှောက်ထားသူ အမည်/မှတ်ပုံတင်	လျှောက်ထားသည့်မြေ လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်စိမ်းမိုးအေး(၁)နန်းနန်းအေး(၉/ပဒတ(နိုင်)၀၂၀၄၁)၊ဒေါ်ကြည်ကြည်ဝင်း(၉/ပဒတ(နိုင်)၀၁၀၂၉၉) ဒေါ်နုနုရီ(၉/ပဒတ(နိုင်)၀၀၂၉၉၂)၊ဒေါ်ခြံသန္တာ(၉/အမရ(နိုင်)၀၂၈၀၀၅)	ဥရုလမ်းမှဦးလမ်းကြားရေလမ်းမှဦးအရှေ့လမ်းမကြားမြည်ဒိုက်ဘုရားတွင်းအနောက်	ဦးအောင်ကြည်	ချမ်းအေးသာစံ	၃၀၄	၆-c	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၂။	ဒေါ်စိမ်းမိုးအေး(၁)နန်းနန်းအေး(၉/ပဒတ(နိုင်)၀၂၀၄၁)၊ဒေါ်ကြည်ကြည်ဝင်း(၉/ပဒတ(နိုင်)၀၁၀၂၉၉) ဒေါ်နုနုရီ(၉/ပဒတ(နိုင်)၀၀၂၉၉၂)၊ဒေါ်ခြံသန္တာ(၉/အမရ(နိုင်)၀၂၈၀၀၅)	ဥရုလမ်းမှဦးလမ်းကြားရေလမ်းမှဦးအရှေ့လမ်းမကြားမြည်ဒိုက်ဘုရားတွင်းအနောက်	ဦးအောင်ကြည်	ချမ်းအေးသာစံ	၃၀၅	၃၇	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၃။	ဒေါ်စုစုမိုး(၉/ပရမ(နိုင်)၀၀၉၂၁)၊ဒေါ်ကြူကြူမိုး(၉/ပရမ(နိုင်)၀၀၉၂၃) ဒေါ်ယုယုမိုး(၉/ပရမ(နိုင်)၀၇၉၇၃)၊ဒေါ်ယုယုမိုး(၉/အမရ(နိုင်)၀၀၆၁၃၂) ဒေါ်အေးအေးမိုး(၉/ပရမ(နိုင်)၀၇၉၇၆)၊ဦးမိုးအောင်(၉/ပရမ(နိုင်)၀၀၅၁၀၆) ဒေါ်နိုင်ဝဝမိုး(၉/အမရ(နိုင်)၀၂၂၂၉၅)	၅၇လမ်း၂၉လမ်းနှင့်လမ်းထုတ်ကြား၊ကန်ကောက်	ဒေါ်ယုမိုး(ဖိ-၂)	ချမ်းအေးသာစံ	၅၀၄/၄	၂၇၄	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၄။	ဦးကိုကြည်(၉/မရတ(နိုင်)၀၀၇၀၃၀)	ရုလမ်းဗဟုလမ်းနှင့်ပွဲလမ်းကြား၊ကွောက်ပိုင်း	ဒေါ်သန်းဒင့်	ဟဘအောင်မြေ	၆၇၄	၁၆+၁၅	အမွေဆက်ခံအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်
၅။	ဦးတင်အေး(၉/မရတ(နိုင်)၀၆၁၁၈)၊ဒေါ်နုအေး(၉/မရတ(နိုင်)၀၆၃၄၉၉) ဦးကျော်အေး(၉/မရတ(နိုင်)၀၀ ၅၆၁၀)	၅လမ်းမှဦးပွဲလမ်းကြား၊လမ်းဟုနှင့်ပုလမ်းကြားရဲမွန်ဘောင်	ဒေါ်ဇိုက်မန်	ဟဘအောင်မြေ	၈	၆၇	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၆။	ဦးတင်အေး(၉/မရတ(နိုင်)၀၆၁၁၈)၊ဒေါ်နုအေး(၉/မရတ(နိုင်)၀၆၃၄၉၉) ဦးကျော်အေး(၉/မရတ(နိုင်)၀၀ ၅၆၁၀)	၅လမ်းမှဦးပွဲလမ်းကြား၊လမ်းဟုနှင့်ပုလမ်းကြားရဲမွန်ဘောင်	ဒေါ်ဇိုက်မန်	ဟဘအောင်မြေ	၈	၆၂	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၇။	ဦးမြင့်မွင်း(၉/မမန(နိုင်)၀၁၀၉၇)	၅၆လမ်းနှင့်၇၀လမ်းကြား၊၁၁၀(B)လမ်းနှင့်၁၂လမ်းကြား(ဂံသာမာ)	ဦးသီ	ချမ်းမြသာစည်	၀-၇	၁၄၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၈။	ဒေါ်သိမ်းကြည်(၉/မရတ(နိုင်)၀၀၆၁၁၀)၊ဒေါ်ဟိမ်းမြို့(၉/မရတ(နိုင်)၀၀၆၁၁၉) ဦးဟိမ်းကြင်(၉/မရတ(နိုင်)၀၀၀၁၂)၊ဦးဟိမ်းတင်(၉/မရတ(နိုင်)၀၀၅၁၂၀)	၁၂လမ်းနှင့်၃၀လမ်းကြား၊RTC လမ်းသစ်စာမွတ်၊	ဒေါ်ကြည်ကြည်(၁)ဒေါ်ကြည်	ချမ်းမြသာစည်	၇၇၇	၇၅+၅၅+၆၀+ ၆၀က+၁၇၊+၁၇၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၉။	ဒေါ်မိုးမိုးသက်(၉/ပဖန(နိုင်)၀၀၉၁၁)ဒေါ်ဝိုင်းဝိုင်း(၉/အမရ(နိုင်)၀၀ ၂၇၇၉) ဦးကောင်းကွန်းထူး(၉/အမရ(နိုင်)၀၀၆၅၇)	၈၀-မိန်လမ်းအလျားက၊နယ်မြေ-ဂုဒ္ဓပုန်းတန်း	ဒေါ်သိတ်ဦး(ဖိ-၃)	အမရပူရ	၆၀၃-က	၃	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်ခြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်ခေါင်းဆောင်ကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ခါစေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်များမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ (၂၇၀၀၀)ဂါလန်၊ Octane-92(၆၅၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၁၉၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအတိုင်းအစည်အတိုင်း အိတ်ဖွင့်တင်ခါစေါ်ယူမည်ဖြစ်ပါသည်။

(က)	တင်ခါလျှောက်လွှာတင်ရောင်းချမည့်ရက်	- ၂၅-၆-၂၀၂၄ ရက်
(ခ)	တင်ခါလျှောက်လွှာဝယ်ယူရမည့်ရက်	- ၂၈-၆-၂၀၂၄ ရက်
(ဂ)	လျှောက်လွှာရောင်းချမည့်နေရာ	- ၆ ပြေမိုး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(ဃ)	အိတ်ဖွင့်တင်ခါဆောင်ရွက်မည့်ရက်	- ၈-၇-၂၀၂၄ ရက်
(င)	အိတ်ဖွင့်တင်ခါဆောင်ရွက်မည့်နေရာ	- ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၁)
(စ)	တင်ခါပုံစံရောင်းချနှုန်းများမှာ	- ဒီဇယ်ဆီ ကျပ် ၃၀၀၀၀/- Octane-92 ကျပ် ၁၀၀၀၀/- ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင်(Fuel Import License)တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ခါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်းနံပါတ် ၀၂-၄၀၀၁၅၅၊ ၀၂-၄၀၀၁၁၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ခါလက်ခံရေးနှင့် စီစဉ်ရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၆)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ တပ်သား စီနီဝင်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွဲပြောင်းဝယ်ယူထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတေဇကျော်(ဘ)ဦးကျော် (၉/မဟမ(နိုင်)၀၀၁၇၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ — **ခေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ — **ခေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ခေါ်မာလာမိုး (LL.B)** အထက်တန်းရှေ့နေ — **ခေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၁၀၂၁၊ ၀၉-၄၄၄၀၀၆၅၅၆

"ဦးထွန်းရင် နှင့် အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့ ၊ မြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁) ဦးပိုင်အမှတ်(၁၀၀) ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းရင် (ဘ)ဦးတီစာ (၉/ပသက(နိုင်)၀၀၈၇၆၆)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးထွန်းရင် ထံမှ ကျွန်တော် ဦးခင်မောင်လွင် (ဘ)ဦးကျော်ဦးမိုး (၉/၀တန(နိုင်)၀၁၄၅၅၈) မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုလိုပါသဖြင့် ဦးထွန်းရင်အား ရှာဖွေရာ မည်သည်အရပ်ဒေသို့ ပြောင်းရွှေ့နေထိုင်သည်ကို စုံစမ်းသိရှိရခြင်း မရှိပါသဖြင့် ၊ ကတိအတိုင်း ဆောင်ရွက်နိုင်ရန် အတွက် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် ဦးထွန်းရင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ခေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆)
တရားလွှတ်တော်ရှေ့နေ
ရတနာပုံလမ်းသွယ်၊ ၂၉×၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့
၀၉-၄၃၀၁၂၀၄၄ ၊ ၀၉-၇၅၃၃၆၀၀၅၈

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈-၃)၊ ဦးပိုင်နံပါတ်(၁၀၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅၀) အကျယ်အဝန်းရှိ ဦးခင်မောင်မြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါ်မော်မော်လေး(ဘ)ဦးမောင်မောင်(၉/မရမ(နိုင်)၀၁၆၁၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ — **ခေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

ခေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ — **ခေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ — **ခေါ်မာလာမိုး (LL.B)** အထက်တန်းရှေ့နေ — **ခေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၉၁၀၂၁၊ ၀၉-၄၄၄၀၀၆၅၅၆

"ဦးခင်ကျော်စိန် နှင့် အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့ ၊ မြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁) ဦးပိုင်အမှတ်(၉၃) ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်စိန်(ဘ)ဦးတင်ညွှန့် (အေအီး-၀၁၉၂၉၃)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးကျော်စိန်ထံမှ ကျွန်မ ခေါ်ဝါဝါဦး(ဘ)ဦးဝင်းမိုး(စ/ရစက(နိုင်)၀၃၀၃၆၈) မှ ဝယ်ယူပိုင်ဆိုင် ခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလို ပါသဖြင့် ဦးကျော်စိန်အား ရှာဖွေရာ မည်သည်အရပ်ဒေသို့ ပြောင်းရွှေ့နေထိုင်သည်ကို စုံစမ်းသိရှိရခြင်း မရှိပါသဖြင့် ၊ ကတိအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် ဦးကျော်စိန်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ခေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆)
တရားလွှတ်တော်ရှေ့နေ
ရတနာပုံလမ်းသွယ်၊ ၂၉×၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့
၀၉-၄၃၀၁၂၀၄၄ ၊ ၀၉-၇၅၃၃၆၀၀၅၈

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၁၅၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်းမောင် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်ခြမ်းပေ(၂၀×၂၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်ဘို(ဘ)ဦးမုန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ငွေကြေးချက်အရ -

ခေါ်ယဉ်ယဉ်မေ (LL.B) — **ခေါ်ယဉ်ယဉ်ငွေ (LL.B)**
(တရားလွှတ်တော်ရှေ့နေ)

၅ဂလမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၀၄၆၉၁၀၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၂ ၀၉-၇၉၄၉၉၄၃၂

"ဦးဝင်းဇော်အောင် နှင့် အများသိစေရန် ကြေညာခြင်း"

မန္တလေးမြို့ ၊ မြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁) ဦးပိုင်အမှတ်(၉၁) ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးဝင်းအောင်(အေအီး-၂၅၂၀၈၅) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးဝင်းအောင်ထံမှ ကျွန်တော် ဦးခင်မောင်လွင် (ဘ)ဦးကျော်ဦးမိုး (၉/၀တန(နိုင်)၀၁၄၅၅၈) မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုပါသဖြင့် ဦးဝင်းအောင်အား ရှာဖွေရာ မည်သည်အရပ်ဒေသို့ ပြောင်းရွှေ့ နေထိုင်သည်ကို စုံစမ်းသိရှိရခြင်းမရှိပါသဖြင့် ၊ ကတိအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် ဦးဝင်းအောင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ခေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆)
တရားလွှတ်တော်ရှေ့နေ
ရတနာပုံလမ်းသွယ်၊ ၂၉×၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့
၀၉-၄၃၀၁၂၀၄၄ ၊ ၀၉-၇၅၃၃၆၀၀၅၈

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလရပ်ကွက်၊ အကွက်အမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၁/၃၃)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်သန်း အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ အဆိုပါအနောက်လှည့် မြောက်လှည့်(ဂရန်)မြေကွက်အတွင်းမှ အနောက်လှည့်တောင်ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးနေထက်လင်း(ဘ)ဦးသိချိတ်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ငွေကြေးချက်အရ -

ခေါ်ယဉ်ယဉ်မေ (LL.B) — **ခေါ်ယဉ်ယဉ်ငွေ (LL.B)**
(တရားလွှတ်တော်ရှေ့နေ)

၅ဂလမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၀၄၆၉၁၀၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၂ ၀၉-၇၉၄၉၉၄၃၂

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၉)၊ ဦးပိုင်အမှတ်(၄၉)၊ ဖဲလမ်းနှင့် ဖ၂လမ်းကြား၊ အနောက်ရထားလမ်းနှင့်အောင်ဇေယျလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တကက ဘိုကြီး၏ (GP ရရှိသူ ဦးမြင့်မောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၀၈၃/၂၀၂၄-၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးမြင့်(၉/မရမ (နိုင်)၀၂၄၉၁၆)၊ ခေါ်မြမြနွဲ့(၉/မရမ(နိုင်)၀၂၄၉၁၅)တို့က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၁၇၂၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြမိမက်နိုးနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်ရည်ပင်သာယာရေးကော်မတီ ။

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ် (၄၇)၊ ဧရိယာပေ(၄၀×၆၀)အနက်မှ အရှေ့ဘက်ခြမ်း ပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ခေါ်သွယ်သွယ်ဝင်း(ဘ)ဦးသန်းရွှေ(၁/မကတ(နိုင်)၀၆၁၅၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ အချို့တစ်ဝက် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဝယ်ယူထားသည့် မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ခေါ်ဝတ်ရည်ဝင့် (LL.B) တရားလွှတ်တော်ရှေ့နေ — **ဦးကျော်ကိုသက် (LL.B)** တရားလွှတ်တော်ရှေ့နေ — **ခေါ်ကြည်မာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ

၁၀၉(အေ)လမ်း၊ ၆၁လမ်းနှင့်၆၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၃၅၆၂၁၊ ၀၉-၄၃၀၉၁၁၀၁

ဖခင် အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၅) အ-ထ-က တွင် ပညာသင်ကြားနေသော Grade-8(A)မှ အဆိမ့်ချယ်ရီမွန်နှင့် Grade-3(C)မှ မောင်အုံဘုန်းမာန်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇာဏီရဲရင့်ဌေး ဖြစ်ပါသည်။

ဦးဇာဏီရဲရင့်ဌေး
(၅/ကလတ(နိုင်)ဝ၆၁၃၈၂)

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၂၆-၃၆)၊ ဦးပိုင်အမှတ်(၁၀)၊ ၄ဝလမ်း၊ ၂၃လမ်းနှင့် ၂၄ဝလမ်းကြား၊ ၁၂၉လမ်းနှင့် ၁၃ဝလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဆုံးကြည်(၉/စကတ(နိုင်)ဝ၃၇၃၆၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၁၆/၂ဝ၁ဝ)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်ငယ်(၁၂/သဃက(နိုင်)ဝ၈၆၆၄၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ဦးငုပဲသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

